မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၀ ခုနှစ် မတ်၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဇီလာရာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အစဉ်အလာကောင်းများနဲ့ ပြည့်စုံသော တပ်မတော်

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့သမိုင်းက တောင်းဆိုလို့ ပေါ်ပေါက်လာရတဲ့ တပ်မတော်ဖြစ်တယ်။ သာမန်ဖွဲ့စည်းပြီး တည်ထောင်ထားတဲ့ တပ်မတော်မျိုးမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ သမိုင်းအမွေကို ဆက်ခံခဲ့တဲ့ တပ်မတော်ဟာ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတယ်ဆိုတာ ပြောကြားလိုတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ ယခုကာလအထိ ကိုယ်ကျိုးအတွက် မမျှော်ကိုးခဲ့ဘဲ ဒို့နိုင်ငံ၊ ဒို့လူမျိုးအတွက် အလုပ်အကျွေးပြုမယ်ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်အရ တပ်ထဲဝင်လာခဲ့ကြတာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၀ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
အမှတ်(၅)လမ်းမကြီးနှင့် ဒလ-တွံတေးလမ်းဆက်သွယ်သည့် ကတ္တရာလမ်းသစ်နှင့် ကွမ်းခြံကုန်းမြို့နယ် ကွမ်းခြံကုန်း-တော်ခရမ်း-အနောက်ဘို့ဒင်လမ်းရှိ တံတားဖွင့်ပွဲများကျင်းပ

ရန်ကုန် မတ် ၂၅

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ် (၅)လမ်းမကြီးနှင့် ဒလ-တွံတေး ဆက်သွယ်သည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားနှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ တံတားအမှတ်(၁/၁) တောင်ဘက်ပိုင်း တံတားဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

ဖြတ်သန်းကြည့်ရှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကွမ်းခြံကုန်း - တော်ခရမ်း - အနောက်ဘို့ဒင်လမ်းရှိ တံတားအမှတ်(၁/၁) တောင်ဘက်ပိုင်းတံတားကို ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၆ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရေး ဦးတည်ရည်မှန်း ကားလမ်း၊ ရထားလမ်းနှင့် တံတားများ ကွန်ရက်သဖွယ်ဖော်ဆောင်ပေးခဲ့

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို၍ ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဇောခိကုန်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၄ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပဲခူးတိုင်း အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည် အလယ်ရိုးမကြီးခြားထားသည့်အတွက် ကူးလူးဆက်ဆံရာ၌ ယခင်က အခက်အခဲများရှိခဲ့ရာ တိုင်းတစ်တိုင်းတည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှုများ မညီမျှဖြစ်ခဲ့ရသည်။ ယခုအခါ ပြည်-ပေါက်ခေါင်း-တောင်ငူကတ္တရာလမ်းကို ဖွင့်လှစ်လိုက်ခြင်းဖြင့် မိုင် ၁၂၀ကျော်ခရီးကို လေးနာရီကျော်ခန့်ဖြင့် လွယ်ကူစွာ သွားလာနိုင်တော့မည် ဖြစ်သည်။

နိုင်ငံတော်၏ ရေမြေသဘာဝအနေအထားအရ လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ကားလမ်းနှင့် ရထားလမ်းအများစုသည် တောင်-မြောက်အလျားလိုက်သာရှိပြီး အရှေ့-အနောက် ဖြတ်လမ်းများ အလွန်နည်းပါးခဲ့ရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရန် အလေးအနက်ထား ဖြည့်ဆည်းပေးခဲ့သည်။

ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် နေရာဒေသအနှံ့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန် ကားလမ်း၊ ရထားလမ်း၊ လေကြောင်း၊ ရေကြောင်း၊ တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များကိုပါ တစ်ပြိုင်တည်း ကြိုးပမ်းတည်ဆောက်ခဲ့ပေသည်။ ကားလမ်းနှင့်ရထားလမ်းများ တိုးချဲ့တည်ဆောက်မှုနှင့်အတူ မြစ်ကူးတံတားသစ်များကိုလည်း တည်ဆောက်ပေးခဲ့ရာ ဧရာဝတီမြစ်ကူးတံတားသစ်ရှစ်စင်းကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ကူးတံတားငါးစင်းကို တစ်ပြိုင်တည်း တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ယခုကဲ့သို့ လမ်းများ၊ တံတားများကို မနားမနေတည်ဆောက်နေခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ သွားလာနေထိုင်နိုင်ရေး၊ စိတ်ချမ်းသာစွာ လွယ်လင့်တကူ ကူးလူးဆက်ဆံသွားလာနိုင်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးစည်ပင်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား မညီမျှမှုများ လျော့နည်းကျဆင်းရေး၊ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများပြားပြီး ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပေရာ တိုင်းရင်းသားပြည်သူများက အသိစိတ်ဓာတ်ရှိရှိဖြင့် လမ်း၊တံတားများကို အရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၃-၂၀၁၀

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မြတ်နိုးကြစေအမျိုးသားအမွေ
၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၀ ၅။ မဟာဂီတချိုကြည်မြ
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရှင်သန်နေသောသဲနုန်းမြေ** (အပိုင်း-၄)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ **ဗျာပွေတဲ့စာပလွေ** မေတ္တာ၊ ချစ်ဖွယ်
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ (၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **မြဝတီအငြိမ့်ဖျော်ဖြေမှု**
၂၃။ ကျန်းမာရေးရဲ့လျှို့ဝှက်ချက်

တရုတ်နိုင်ငံ ZPMC မှ အထွေထွေမန်နေဂျာနှင့်အဖွဲ့ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZPMC (Shanghai Zhenhua Heavy Industry Co., Ltd.) မှ အထွေထွေ မန်နေဂျာ Mr. DING XIAO DONG နှင့် အဖွဲ့သည် မတ် ၂၂ရက် ည ၇နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ZPMC (Shanghai Zhenhua Heavy Industry Co., Ltd .) အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသော ဧရာဝတီတံတား (ပခုက္ကူ) နှင့် ဧရာဝတီတံတား (ညောင်တုန်း)တို့အတွက် တံတားဆောက်လုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ရုံးအဖွဲ့မှူး၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZPMC (Shanghai Zhenhua Heavy Industry Co., Ltd.) မှ အထွေထွေ မန်နေဂျာ Mr. Ding Xiao Dong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြေီလထုတ် မြဝတီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် မတ် ၂၅

ပြေီလထုတ် မြဝတီမဂ္ဂဇင်းတွင် ညွှန့်ဝေ(ကသာ)၊ မြင်းမူမောင်နိုင်မိုး၊ မင်းယုဝေ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကို(တက္ကသိုလ်)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ အဖျောက်မြေမောင်ဆွေမွန်၊ မောင်သဲခေါင်၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ ရဲမြင့်နောင်၊ ကျော်မြတ်မျိုး(မြန်မာစာ)တို့၏ကဗျာများ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ ရွှေကိုဦး၊ အောင်ကျော်၊ စောဟန်၊ ကိုငယ်တို့၏ တစ်မျက်နှာကာတွန်းများ၊ ရှင်ဉာဏ(ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မောင်စူးစမ်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ဗိုလ်ကလေးတင့်အောင်၊ ချစ်စံဝင်း၊ ပီကျော်ဟန်၊ ကြည်လွင်၊ ကိုခန့်(သုတေသန)၊ တက္ကသိုလ်သျှင်သီရိ၊ သာရဝေါ စိုးကြည်၊ လှထွန်းအောင်(ရူပဗေဒ)၊ ဒေါက်တာသန့်စင်၊ ရဲမာန်ခ၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ လှဘုန်းအောင်၊ ဂွမ်းဖြူဇင်၊ စိုးဝင်း(မြစ်ခြေ)၊ မြေလတ်မောင်ချစ်ဖူး၊ စံဇာဏီဘိုတို့၏ ဆောင်းပါးများ၊ မင်္ဂလာစျင်အောင်၊ မောင်ချိုမင်း(ကန္တာရဝတီ)၊ခြင်ကျား(မအူပင်)၊ နွေ၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ကယားမောင်(လွိုင်ကော်)၊ နိုင်ဇော်တို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ် ၁၈၁ (၃၂)လမ်းအထက် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် VPP စနစ်ဖြင့်လည်း စာဖတ်သူထံ အရောက်ပို့စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး IT MALL အကြီးဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ၏ ပထမဦးဆုံး JUPITER IT MALL အကြီးဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် IT နှင့် MOBILE ဆိုင်ခန်းများ အကြီးဖွင့်လှစ်ရောင်းချပွဲကို မတ် ၂၆ရက်မှ ၂၈ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ည ၈နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်ရှိ စိန်ဂေဟာပါရမီစင်တာ (အပေါ်ဆုံးထပ်) ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

JUPITER IT MALL အကြီးဖွင့်ပွဲတွင် IT Solutions လုပ်ငန်းများ၊ IT နှင့် ဆက်စပ်ပစ္စည်းများ၊ Telecom နှင့် Networking ပစ္စည်းများ၊Mobile Phone အရောင်းဆိုင်များ၊ Digital ပစ္စည်းများ၊ အခြား IT ဝန်ဆောင်မှုလုပ်ငန်းများ၊ နောက်ဆုံးပေါ် ကွန်ပျူတာပစ္စည်းများနှင့် MOBILE HANDSET များ၊ အခြား အသုံးဝင်သော IT ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဈေးဝယ်ထွက်ရင်း တစ်နေရာတည်းတွင် အလွယ်တကူ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁-၅၀၈၈၄၊ ၀၉-၅၁-၆၀၇၂၆၊ ၀၉-၂၄-၀၀၂၄၀နှင့် ၀၉-၅၀-၀၂၇၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၂၇-၃-၂၀၁၀

၆း၀၀ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်အသံလွှင့်ခြင်း တေးဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ကစားစည်း၌ယည်ကျေးခြင်း) တေးပဒေသာ
၈း၄၀ ဘဝအသွင်ကဗျာ့အမြင် (တပ်မတော်နေ့အခိဋ္ဌာန်) တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ်-တပ်မတော်နေ့ဂုဏ်ပြု ကလေးများ၏ စစ်ချီသီချင်းများ
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာ နားဆင်စရာ **(အမုန်းလှလှ မုန်းပြပါ)** တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၄၂)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကနုတ်ပန်း)
၁၂း၃၀ ဟန်မျိုးစုံညီ တေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်း တေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ သူ့အကြိုက် သူ့အသွင် (ဇင်ဇင်ဇော်မြင့်)
၁၉း၃၀ ကျန်းမာရေးရာ သိကောင်းစရာ (အနုပညာနှင့်ကျန်းမာရေး) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွား မေတ္တာစကား စီးပွားရေး ဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ (နိုင်ငံများ ဖြစ်ထွန်းပေါ်လာပုံ အဆင့်အဆင့်နှင့် ကိုင်စွဲကျင့်သုံးကြတဲ့ မူဝါဒ)
၂၀း၄၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၀၀ Radio Internet (14)
၂၁း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေး ဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရဲနွယ်ရေလှောင်ဆည် ဖွင့်ပွဲအခမ်းအနားတက်ရောက်

လက်တံမြောင်းများသို့ ဆည်ရေထုတ်လုပ်ပေးနေမှု ကြည့်ရှုစစ်ဆေး

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၅

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲနွယ်ရေလှောင်ဆည် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာရှိ အဆိုပါရေလှောင်ဆည်အနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ဗည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်အဖွဲ့ဝင်များ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနနှင့် တည်ဆောက်ရေး(၁)တို့မှ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရဲနွယ်ရေလှောင်ဆည်

ရဲနွယ်ရေလှောင်ဆည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက ရေလှောင်ဆည်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ရဲနွယ်ရေလှောင်ဆည် တည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုသည် ရဲနွယ်ရေလှောင်ဆည် ကမ္ဗည်း မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရပ်မိရပ်ဖများသည် ရဲနွယ်ရေလှောင်ဆည် ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရဲနွယ်ရေလှောင်ဆည်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ မုခ်ဦးရှေ့၌ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရဲနွယ် ရေလှောင်တမံရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထုတ်လွှတ်လိုက်သည့် ဆည်ရေအား ရဲနွယ်ရေလှောင်ဆည် လက်ဝဲမြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်းများသို့ ဆည်ရေ ထုတ်လုပ်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုအား စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရဲနွယ်ရေလှောင်ဆည်မှ စိုက်ပျိုးရေပေးဝေနိုင်ရန် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက လိုအပ်သည်များ ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့တွင် လော်ကားဥယျာဉ် အချိန်တိုးမြှင့် ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၅

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ် ၂၇ရက် (တပ်မတော်နေ့)တွင် အများပြည်သူ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်တွေနှင့် ရသေ့တောင်မြို့နယ်ရှိ ပို့ဆောင်ရေး လုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၂၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၂၃ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဈေးကြီးတံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ရသေ့တောင်မြို့ ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များ ပြေးဆွဲနေမှုနှင့် ဆိပ်ကမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ရသေ့တောင်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ရသေ့တောင်မြို့ဆိပ်ကမ်း၌ စစ်တွေ၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့တို့သို့ ခုတ်မောင်း ပြေးဆွဲနေသော ခရီးသည်တင်ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်မှုနှင့် ဆိပ်ကမ်းအခြေအနေတို့ကိုလည်းကောင်း၊ ရသေ့တောင်မြို့အဝင် ဆိပ်ကမ်း၌ ကမ်းပါးပြိုမှု ကာကွယ်ရေးအတွက် ကမ်းပါးထိန်းနံရံ တည်ဆောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မတ် ၂၄ရက်က စစ်တွေမြို့ စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်၏ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရာနေရာ၊ ရေနုတ်မြောင်း အသစ်ဖောက်လုပ်ထားရှိမှု၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် လေယာဉ်ပြေးလမ်း၊ လေယာဉ်ပေါ်သို့ ခရီးသည်များ တက်/ဆင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Kaung Myat Myanmar Amateur Open Golf Championship 2010 တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိကကူညီ ပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ပွဲစဉ်ကို မတ် ၂၅ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် သိန်းအေးက သုံးရက်ပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ နေဇလဝင်းမြင့်က သုံးရက်ပေါင်း ရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် ၂၁၈ ချက်ဖြင့် တတိယ၊ မျိုးဝင်းအောင်က သုံးရက်ပေါင်း ရိုက်ချက် ၂၁၉ချက်စီဖြင့် စတုတ္ထလိုက်နေပြီး မောင်မောင်ဦးနှင့် တင်လင်းတို့က သုံးရက်ပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ပဉ္စမ လိုက်နေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်တွင် နေဇလဝင်းမြင့်က သုံးရက်ပေါင်း ရိုက်ချက် ၂၁၆ချက် ဒုတိယဖြင့် ယှဉ်ပြိုင်ကစားစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ကုန်သွယ်ရေးတိုးမြှင့်ရန် အီရန်နှင့်တူရကီ စီစဉ်ပြီ

အင်ကာရာ မတ် ၂၅

အီရန်နှင့် တူရကီနှစ်နိုင်ငံ၏ နှစ်စဉ်ကုန်သွယ်ရေးပမာဏကို လက်ရှိ ၁၀ ဘီလီယံမှ အနာဂတ်တွင် ဘီလီယံ ၃၀ အထိ သုံးဆတိုးမြှင့်မည့် အစီအစဉ်ကို အီရန်က မတ် ၂၅ရက်၌ ကြေညာလိုက်သည်။

အီရန်နှင့်တူရကီ တာဝန်ရှိပုဂ္ဂိုလ်များက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် အီရန်စီးပွားရေးဝန်ကြီး ရှမ်ဆီဒင်ဟော့ဆီနီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အိမ်နီးချင်း ၄င်းနှစ်နိုင်ငံက ကုန်သွယ်ရေးကဏ္ဍတွင် အထက်ပါအတိုင်း မျှော်မှန်းထားသည့် ဆုံးဖြတ်ချက်သည် အီရန်နှင့်တူရကီ၏ ဆက်ဆံရေးကို အမြင့်ဆုံးအဆင့်သို့ ရောက်ရှိစေသည်ဟု ဆိုသည်။

(အင်တာနက်)

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ စတားစီးတီးအာကာသစခန်း လေ့ကျင့်ရေးစင်တာကို မတ် ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်-ရုရှား လူငယ်များရင်းနှီးမှုတိုးတက်ရန် အလေးအနက်ထားဆောင်ရွက်ရေး အဓိကကျနေ

ဗလာဒီဗော့စတော့ မတ် ၂၅

တရုတ်လူငယ်များနှင့် ရုရှားလူငယ်များအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုတိုးတက်အောင် ကြိုးပမ်းသွားကြရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ စီကျန့်ပင်းက အလေးအနက်ထား ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

အနာဂတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံမှုတိုးတက်ကောင်းမွန်ရေးအတွက် အထူးအလေးအနက်ထား ဆောင်ရွက်သွားရန်မှာ အဓိကကျသည့်အားလျော်စွာ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးနှင့် ဆက်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များသည် အထူးအရေးကြီးကြောင်းဖြင့်လည်း ၄င်းက ဆက်လက်ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ စီကျန့်ပင်းသည် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ မတ် ၂၁ရက်မှစ၍ ငါးရက်ကြာ အလည်အပတ်ရောက်ရှိနေသည်။

ကြိုးပမ်း

ထို့အပြင် ဗလာဒီဗော့စတော့မြို့ရှိ အရှေ့ဖျားအမျိုးသားတက္ကသိုလ် ကွန်ဖြူးရှပ်ဌာနသို့ သွားရောက်လည်ပတ်ပြီး နှစ်နိုင်ငံလူငယ်များနှင့်တွေ့ဆုံ၍ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးအတွက် ကြိုးပမ်းကြရန် ၄င်းက တိုက်တွန်းပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

စင်ကာပူချန်ဂီလေဆိပ် ကမ္ဘာ့အကောင်းဆုံး လေဆိပ်ဆုရရှိ

စင်ကာပူ မတ် ၂၅

စကိုင်းထရက်ကမ္ဘာ့လေဆိပ် သုံးသပ်လေ့လာမှုတွင် ယခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးလေဆိပ်ဆုကို စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်က ရရှိကြောင်း စင်ကာပူရုပ်မြင်သံကြားဌာနက မတ် ၂၄ရက်တွင် ထုတ်လွှင့်သည်။ အဆိုပါလေဆိပ်ကို ၁၉၈၁ခုနှစ်တွင် စတင်ဖွင့်လှစ်ကတည်းက ယနေ့အထိ လေဆိပ်ဆိုင်ရာ ဆုတံဆိပ်ပေါင်း ၃၄၀ ကျော်ကို ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည်ဟု ဆိုသည်။

ပြောကြား

နှစ်စဉ်စီးနင်းလိုက်ပါအားပေးကြသည့် သန်းပေါင်းများစွာသော ကမ္ဘာလှည့်ခရီးသည်များအပါအဝင် အစုရှယ်ယာရှင်များ၏ အားပေးကူညီမှုမပါရှိဘဲ ယခုကဲ့သို့ ဆုရရှိမည်မဟုတ်ကြောင်း ချန်ဂီလေဆိပ်အုပ်စု၏ အုပ်ချုပ်ရေးမှူးချုပ်လီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ကျင်းပသည့် (၄၈)ကြိမ်မြောက် နိုင်ငံတကာ မော်တော်ကားပြပွဲကို မတ် ၂၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖရိကတိုက်မှပြည်သူ ၁၅၅သန်းကျော် သောက်သုံးရေရရှိရေး အခက်ကြုံနေ

ဂျီနီဗာ မတ် ၂၅

ကမ္ဘာပေါ်၌ မသန့်ရှင်းသောရေကြောင့် သေဆုံးမှုနှုန်းမှာ စစ်ပွဲအပါအဝင် အကြမ်းဖက်မှုပုံစံအားလုံးကြောင့် သေဆုံးကြရမှုနှုန်းထက်ပိုမိုမြင့်မားနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကမ္ဘာ့ရေသယံဇာတနေ့ အထိမ်းအမှတ်သဝဏ်လွှာတွင် ထည့်သွင်း ဖော်ပြလိုက်သည်။

သန့်ရှင်းသောရေမှာ ရှားပါးလာပြီဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေပိုမိုရှားပါးလာနိုင်ကြောင်း မစ္စတာဘန်ကီမွန်းက သတိပေးပြောကြားလိုက်သည်။

ကြေညာ

အာဖရိကတိုက် အနောက်ပိုင်းနှင့် အလယ်ပိုင်းရှိလူဦးရေ၏ ၃၉ရာခိုင်နှုန်းဖြစ်သော ပြည်သူ ၁၅၅သန်းကျော်မှာ သောက်သုံးနိုင်သည့် ရေသန့်ရရှိရေး အခက်ကြုံလျက်ရှိကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ကြေညာသည်။ **(အင်တာနက်)**

အမေရိကန်နှင့် ပါကစ္စတန် ပိုမိုနက်ရှိုင်းစွာဆက်ဆံလို

အစ္စလမ္မာဘတ် မတ် ၂၅

ကုန်သွယ်ရေး၊ စစ်ပစ္စည်းများ အပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် အမေရိကန်အစိုးရနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ပါကစ္စတန်အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။

ကြိုဆို

အမေရိကန်သမ္မတ အိမ်ဖြူတော်ကလည်း ပါကစ္စတန်အစိုးရ၏ မကြာမီကာလအတွင်းက ပြုမူဆောင်ရွက်ချက်များကို ကြိုဆိုကြောင်း သိရသည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ်ကူရေရှီနှင့် ပါကစ္စတန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးကာရာနီတို့နှစ်ဦးသည် ယနေ့ပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

မိမိတို့နှစ်နိုင်ငံအနေဖြင့် ယခုထက်ပိုမိုနက်ရှိုင်းစွာဆက်ဆံရန် လိုလားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီက ဆွေးနွေးပွဲအကြိုကာလတွင် ပြောကြားသည်။

(အင်တာနက်)

လူမှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရေး ကမ္ဘောဒီးယားနှင့်မလေးရှား ပူးပေါင်းမည်

ဖနောင်ပင် မတ် ၂၅

တရားမဝင်ကုန်သွယ်မှု လူမှောင်ခိုမှုနှင့်အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ကမ္ဘောဒီးယားနှင့်မလေးရှားနိုင်ငံတို့ မတ် ၂၂ရက်တွင် သန္နိဋ္ဌာန်ချလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

မလေးရှားကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီးတန့်ဆရီဒါတိုဆရီအဇီဇန်ဘင်အာရက်ဖင်သည် ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးတီဘင်နှင့် ကမ္ဘောဒီးယားလက်နက်ကိုင်တပ်ဖွဲ့များ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပိုဆာရီယန်တို့အား မတ် ၂၂ ရက် နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချွမ်ဆိုချိက ပြောကြားသည်။

သန္နိဋ္ဌာန်ချ

ဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက်စလုံးက ဒေသဆိုင်ရာနှင့်နိုင်ငံတကာဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး တရားမဝင် ကုန်သွယ်မှု၊ လူမှောင်ခိုမှုနှင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရာ၌ ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချကြသည်ဟုလည်း အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်တိုယိုတာကုမ္ပဏီ ၂၀၁၀ခုနှစ်တွင် ကားထုတ်လုပ်မှု မြှင့်တင်

တိုကျို မတ် ၂၅

တိုယိုတာမော်တော်ကားကုမ္ပဏီက ဂျပန်နှင့် အခြားအာဆီယံဈေးကွက်များတွင် မော်တော်ကားဝယ်လိုအားကောင်းမွန်လာသည့်အခြေအနေပေါ်တွက်ဆ၍ ကမ္ဘာတစ်ဝန်းတွင် ၂၀၁၀ခုနှစ်အတွင်း တိုယိုတာဈေးကွက် တစ်ရာခိုင်နှုန်းမြှင့်တင်ထားကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

စီစဉ်

ယင်းကုမ္ပဏီသည် ၂၀၁၀ခုနှစ်အတွင်း မော်တော်ကားစီးရေ ၇ ဒသမ ၅သန်းအထိ ထုတ်လုပ်ရန် စီစဉ်ထားသည်ဟု ဒီဇင်ဘာလအတွင်းက ကြေညာခဲ့သည်။

ဂျပန်နိုင်ငံတွင် ကားဝယ်လိုအား မြင့်တက်လာမှုကြောင့် အဆိုပါကုမ္ပဏီက ပြည်တွင်းမော်တော်ကားထုတ်လုပ်မှုကို စီးရေ ၄၀၀၀၀အထိ မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ အလှမယ်တစ်ဦး ပါဝင်ယှဉ်ပြိုင်နေဟန်ကို မတ် ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စိန်ဓာတ်ပါသည့်ရေများ မသောက်သုံးရေး ဘင်္ဂလားဒေ့ရှ်နှင့်ယူနီဆက်ဖ်တို့ ဆော်သြ

ဒါကာ မတ် ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပြည်သူသန်း ၂၀ခန့်၏ သောက်ရေနှင့်အစားအစာတို့တွင် ကျန်းမာရေးထိခိုက်စေသော အဆိပ်ဖြစ်စေသည့် စိန်ဓာတ်များပါဝင်နေမှုကို အမြန်ဆုံးဖယ်ရှားရှင်းလင်းသန့်စင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုက မတ် ၂၂ ရက်၌ ပြောကြားသည်။

ရောက်ရှိ

ပြည်သူ့ကျန်းမာရေးကို အန္တရာယ်ကျရောက်စေသည့် ညစ်ညမ်းသောသောက်ရေများကို သန့်ရှင်းရေးအတွက် ဆယ်စုနှစ်အတန်ကြာ စီစဉ်ဆောင်ရွက်ခဲ့ပြီးနောက် ယင်းကဲ့သို့ ဆောင်ရွက်ရမည့် အခြေအနေမျိုး ရောက်ရှိလာခြင်းဖြစ်သည်။

သိရှိရ

ဘင်္ဂလားဒေ့ရှ် အိမ်ထောင်စု ၁၂ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ပြည်သူသန်း၂၀ကျော်တို့သည် စိန်ဓာတ်ပါဝင်မှုကို အစိုးရက သတ်မှတ်ထားသည့် တစ်လီတာလျှင် ၅၀ မိုက်ခရိုဂရမ်ထက်မကျော်ရဆိုသည့် သတ်မှတ်ချက်ထက်ကျော်နေသည့် သောက်ရေကို သောက်သုံးနေကြဆဲဖြစ်သည်ဆိုသည်ကို ဘင်္ဂလားဒေ့ရှ် စာရင်းအင်းဗျူရိုနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)တို့၏ မကြာသေးမီက ပြုလုပ်သည့် စစ်တမ်းအရ သိရှိရသည်။

စိန်ဓာတ်သည် သဘာဝအားဖြင့် လူကိုဓာတုဗေဒအဆိပ်သင့်စေကြောင်း၊ အရေပြားဝေဒနာများ၊ ဆီးအိမ်၊ ကျောက်ကပ်၊ အဆုတ်နှင့် အရေပြားကင်ဆာများဖြစ်စေကြောင်း သိရသည်။

အမ်အင်န်အေ၊ ရိုက်တာ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းဒေသ၌ တောမီးလောင်မှုဖြစ်ပွားသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို မတ် ၂၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဒေသအကျိုး ပြည့်ဖြိုးဝေဆာစေမည့် ကျောက်တံခါးမြို့နယ်က ရဲနွယ်ရေလွှဲဆည်

သတင်းခရီးသည်-ကျော်စိန် ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် မတ် ၂၅

အမည်က လှပသည်။ ရန်ကုန်မြို့နှင့်ခရီးလည်းနီးသည်။ အချိန်အတန်ကြာကပင် စိတ်ဝင်စားခဲ့သော်လည်း မရောက်ဖြစ်ခဲ့။ ယခု လေ့လာရေးသွားရောက်ရန် ခရီးစဉ် ပေါ်လာသည်။ ချက်ချင်းစီစဉ်ပြင်ဆင်လိုက်သည်က ရဲနွယ်ရေလွှဲဆည်သို့.....။

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်သို့ ခရီးထွက်ခဲ့သည်။ မြို့အသီးသီးကို ဖြတ်ကျော် ဖောက်လုပ်ထားသော ရန်ကုန်-မန္တလေးကားလမ်းမှသွားလျှင် ၁၁၅မိုင်ကွာဝေးသည်။ ယခုမူ ခရီးသွားအမြန်ယာဉ်ဖြင့် ရန်ကုန်- နေပြည်တော် အဝေးပြေး အမြန်လမ်းမကြီးမှသွားရောက်ရာ မိုင်တိုင်အမှတ် ၈၂ မိုင် ၂ဖာလုံအရောက်တွင် ကျောက်တံခါးမြို့နယ်နိမိတ်သို့ ရောက်ရှိပြီဖြစ်သည်။ ခရီးအကွာအဝေး မိုင်၃၀ကျော်ကျံ့လိုက်သလိုဖြစ်သည်။ ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်မှ နံနက်၇နာရီခွဲ ထွက်လာခဲ့ရာ နံနက်၉နာရီခွဲသာသာတွင် ရောက်ရှိခြင်းဖြစ်သည်။ အချိန်နှစ်နာရီခန့် သာကြာသည်။ ခရီးသွားလာမှု မြန်ဆန်လွယ်ကူခြင်းသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်တစ်ခုပင်....။

"ရေတက်လာမှာ မပူရတော့ဘူး၊ လှေနဲ့လည်း မသွားရတော့ဘူး၊ တာတွေ၊လမ်းတွေဖြစ်လာပြီလေ"
ဦးဘိုကေစိန်(တောင်သူ)
ဆီဆုံကုန်းကျေးရွာ။

တဖျပ်ဖျပ်လွင့်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ တည်ဆောက်ပြီး မကြာမီဖွင့်လှစ်တော့မည့် ရဲနွယ်ရေလွှဲဆည်သို့ ကိုယ်တိုင်မြင်တွေ့ သတင်းယူရန် ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ ကားပေါ်မှဆင်းပြီး အသင့်စောင့်ကြိုနေသော ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့်အတူ လက်ယာဘက် မြေသားလမ်းအတိုင်း နှစ်မိုင်ခန့် ကားဖြင့်ဝင်ရောက်ခဲ့သည်။ သို့လှောင်ထားသော ဆည်ရေဖွေးဖွေးနှင့် သပ်ရပ်စွာ တည်ဆောက်ထားသော ရေထိန်းတံခါးများက အဝေးကပင် မျက်စိပသာဒ လှပနေသည်။ ရေလွှဲဆည်အဝင် ကားလမ်းဘေးဝဲယာ စိုက်ထူထားသော ဆည်မြောင်းဦးစီးဌာန သင်္ကေတ အလံငယ်များနှင့် ရောင်စုံအလံလေးများကလည်း လေအဝှေ့နှင့်အတူ တဖျပ်ဖျပ်လွင့်လျက်။

ရဲနွယ်ရေလွှဲဆည်သည် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီး တည်ဆောက်ထားသည်။ ရဲနွယ်ရေလွှဲဆည်သို့ ရောက်ရှိသည်နှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်က "ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၁၉၉၅ခုနှစ် အောက်တိုဘာ ဖရက်တွင် ပြုလုပ်သော အထူးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့၏(၃/၉၅) ကြိမ်မြောက် အစည်းအဝေးမှသဘောတူခွင့်ပြုချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ နိုင်ငံတော်၏ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင်

"သွားလာရေး အခက်အခဲ မရှိတော့လို့ နိုင်ငံတော် အစိုးရကို ကျေးဇူးတင်ပါတယ်"
ဒေါ်နော်အယ်ဝါးဖော
မူလတန်းပြဆရာမ
မြို့ချောင်းကျေးရွာ အလက(ခွဲ)။

တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ရဲနွယ်ရေလှောင်တမံကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းကို ပိတ်၍ အလျားပေ၁၀၅၀၊ အမြင့် ၂၅၁ပေရှိ မြေသားတမံကို တည်ဆောက်ခဲ့ပြီး ပဲခူးရိုးမတောင်ပေါ်မှ စီးဆင်းလာသော တောင်ကျရေများကို ထိန်းသိမ်းသိုလှောင်ရန် ဖြစ်ကြောင်း၊ ၂၂-၃-၂၀၀၆ရက်တွင် ရဲနွယ်ရေလှောင်တမံကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ တာဘိုင်စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ ၁၂၃ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်က မဟာဓာတ်အားလိုင်းသို့ ပေးပို့လျက်ရှိကြောင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းမှ ပိုလျှံထွက်ကျလာသော ရေများကို အလဟဿ ဆုံးရှုံးမှုမရှိစေရန် အတွက် ရဲနွယ်ရေလွှဲဆည်ကို စိုက်ပျိုးလယ်မြေဧက ၁၁၈၅၀၀အား ဆည်ရေပေးဝေနိုင်ရန် တည်ဆောက်ခြင်း ဖြစ်ကြောင်း၊ လယ်မြေများသို့ အပိုင်းလိုက် တစ်ဆင့်ပြီးတစ်ဆင့် ရေပေးဝေနိုင်ရန် တူးမြောင်း တူးဖော်တည်ဆောက်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရဲနွယ်ရေလွှဲဆည် တည်ဆောက်ပေးခြင်းကြောင့် ညောင်လေးပင်နှင့် စစ်တောင်းမြစ်အကြား ပြွန်တန်ဆာလွင်ပြင် ရေကြီး ရေနစ်မြုပ်ခြင်းမှလည်း ကာကွယ်နိုင်တော့မည် ဖြစ်ပါကြောင်း" ဖြင့် ပြောပြသည်။

တည်ဆောက်ထား

ရဲနွယ်ရေလွှဲဆည်အတွင်း ရေက အပြည့်ဖြစ်နေသည်။ ဆည်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက ရင်ကိုအေးမြကာ အမောပြေစေသည်။ ရဲနွယ်ရေလွှဲဆည်ကြောင့် ပြွန်တန်ဆာလွင်ပြင် ရေနစ်မြုပ်မှု ကင်းဝေးတော့မည့် သတင်းကား ဒေသခံများအတွက် ဝမ်းသာစရာဟု တွေးမိသည်။ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ ဦးစီးအရာရှိ ဦးမြင့်စိုးက ရေလွှဲဆည်တည်ဆောက်ထားခြင်းနှင့် ဆည်ရေသောက်စနစ် တူးမြောင်းများတူးဖော်ခြင်းကို ရှင်းပြပြောဆိုရာ ရဲနွယ်ရေလွှဲဆည်ကို ရဲနွယ်ရေလှောင်တမံ၏အောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဆီဆုံကုန်းကျေးရွာအနီး၌ တည်ဆောက်ထားပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူပြီး ရဲနွယ်ချောင်းမှထွက်ကျလာသော ရေများ၊ စစ်တောင်းမြစ်အတွင်း အလဟဿစီးဝင်သွားခြင်းမရှိစေရန် စိုက်ပျိုးလယ်မြေများဆီသို့ လွှဲပြောင်းယူနိုင်ရေးအတွက် ဖြစ်ကြောင်း၊ ရေလွှဲဆည်သည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ၁၅၄ပေ၊ အကျယ် ၉၉ ပေရှိကြောင်း၊ ပိုလျှံရေများ ထုတ်လွှတ်ပေးမည့် ရေလွှဲဆည်အမြင့်သည် ၁၇ဒသမ၅ပေရှိ၍ ၁၀ပေ×၁၅ပေ တံခါးငါးပေါက်ပါဝင်ကြောင်း၊ လက်ဝဲမြောင်း၊ လက်ယာမြောင်းတို့ဖြင့် ရေထုတ်လွှတ်ပေးနိုင်ရန် ရေထိန်းတံခါးများ တည်ဆောက်ထားပါကြောင်း ရှင်းပြသည်။

လက်ဝဲမြောင်း ရေထိန်းတံခါးတွင် အကျယ်၊ အမြင့် ၈ပေစီရှိ ရေထိန်းတံခါး ရှစ်ပေါက်ပါရှိပြီး လက်ယာ ရေထိန်းတံခါးတွင် အကျယ် ၆ပေ၊ အမြင့် ၇ပေရှိ ရေထိန်းတံခါးနှစ်ပေါက်ပါရှိသည်။ လက်ဝဲတူးမြောင်းမကြီး အလျားသည် ၂၃ဒသမ၅၀ မိုင်ရှိပြီး လက်ယာတူး မြောင်းမကြီး အလျားသည် ၄ ဒသမ ၆၆မိုင် ရှည်လျားသည်။ လက်ခွဲလက်တံမြောင်း ၁၀၀နှင့် တူးမြောင်းအဆောက်အအုံ ၂၃၇၀ ရှိမည်ဖြစ်ရာ တူးမြောင်းလုပ်ငန်းအားလုံး ၂၀၁၃-၂၀၁၄ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

ထို့နောက် ရဲနွယ်ရေလွှဲဆည် တာပေါင်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။ ရဲနွယ်ရေလွှဲဆည် တည်ဆောက်ထားခြင်း၏ ထူးခြားချက်များနှင့် စပ်လျဉ်း၍ "ရေလွှဲဆည် အောက်ခြေတွင် နုန်းထုတ်ပေါက်များ ထည့်သွင်း တည်ဆောက်ထားသဖြင့် နုန်းများ၊ သဲများ များပြားလာပါက သီးသန့်နုန်းထုတ်ပေါက်များမှ ထုတ်လွှတ်ပေးနိုင်ကြောင်း၊ ယခင်က စစ်တောင်းမြစ်ရေ တိုးလာချိန်နှင့် ရဲနွယ်ချောင်းရေများ လျှံကျလာချိန်တို့တွင် ရေကိုထိန်းသိမ်းနိုင်မှုမရှိ၍ လယ်မြေများ ရေမြုပ်ကွင်းဖြစ်ကာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ တောင်သူများအနေဖြင့် မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု ရေလွှဲဆည်ကြီး တည်ဆောက်ပြီး ရေထိန်းတံခါးများဖြင့်ရေကို လိုအပ်သလို ထိန်းသိမ်းနိုင်ပြီဖြစ်၍ တောင်သူများ အနေဖြင့် မိုးစပါး၊ နွေစပါးအပြင် သီးထပ်သီးညှပ်များပါ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း" ဖြင့် ရေလွှဲဆည်တာပေါင်ပေါ်တွင် ဦးစီးအရာရှိ ဦးမင်းကျော်နိုင်က ရှင်းလင်းပြောကြားသည်။

"ရေထိန်းတံခါးများဖြင့် ရေကို လိုသလို ထိန်းနိုင်ပြီ ဖြစ်ပါတယ်"
ဦးမင်းကျော်နိုင်
ဦးစီးအရာရှိ
တည်ဆောက်ရေး(၁)။



"အရင်က ဒီဒေသတွေဟာ ချောင်းပိတ်မြောင်းပိတ်ပြီး စိုက်ပျိုးခဲ့ရပါတယ်"
ဦးစိန်သောင်း(ဦးစီးမှူး)
ဆည်မြောင်းဦးစီးဌာန။

"တူးမြောင်း လုပ်ငန်းအားလုံးကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်"
ဦးမြင့်စိုး(ဦးစီးအရာရှိ)
တည်ဆောက်ရေး(၁)။

"စိုက်ပျိုးလယ်မြေ ဧက ၁၁၈၅၀၀ကို ဆည်ရေပေးဝေနိုင်ရေးနဲ့ ပြွန်တန်ဆာလွင်ပြင် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ဖို့ တည်ဆောက်ထားတာဖြစ်ပါတယ်"
ဦးမောင်မောင်
လက်ထောက်ညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၁)။

ကာကွယ်နိုင်

တည်ဆောက်ပြီးစီးနေပြီဖြစ်သော ရေလွှဲဆည်ကို လှည့်လည်ကြည့်ရှုလေ့လာရာတွင် အတူလိုက်ပါလာသည့် ဦးစီးမှူး ဦးစိန်သောင်းက "အရင်ဒီဒေသက လယ်မြေတွေဟာ ချောင်းပိတ်၊ မြောင်းပိတ်ရေတွေနဲ့ စိုက်ပျိုးခဲ့ရတယ်။ မိုးစပါး တစ်သီးသာ စိုက်နိုင်တယ်။ ပဲခူးရိုးမအရှေ့ခြမ်းမှာ မြစ်နဲ့ ချောင်းငယ်တွေ အများကြီးရှိပါတယ်။ ရေလှောင်တမံတွေလည်းရှိတယ်။ ရဲနွယ်၊ ဘိုင်းဒါး၊ ကောလိယ၊ ကျွန်းချောင်း၊ ခပေါင်း၊ ဝါးကတုတ် ရေလှောင်တမံတွေက လျှံကျလာတဲ့ ရေတွေကို အခုဒီရဲနွယ်ရေလွှဲဆည်က ထိန်းသိမ်းလွှတ်ပေးနိုင်လို့ ပြွန်တန်ဆာလွင်ပြင် ရေကြီးနစ်မြုပ်ခြင်းကလည်း ကာကွယ်နိုင်တော့မှာ ဖြစ်ပါတယ်"ဟု ဖြည့်စွက်ရှင်းပြသည်။

ထိုစဉ် ရဲနွယ်ရေလွှဲဆည် တာပေါင်ပေါ်မှ ဖြတ်သန်းလာသူ ဆီဆုံကုန်းကျေးရွာမှ အသက်(၇၀)ရှိ လယ်သမား ဦးဘိုကေစိန်ကို မေးမြန်းရာ "ကျုပ် လယ်ငါးဧကလုပ်တယ်၊ စပါးစိုက်လာတာနှစ် ၂၀ကျော်ပြီ၊ မိုးစပါးပဲ စိုက်ရတယ်၊ မိုးခေါင်ရင် စိုက်လို့မရပြန်ဘူး၊ နွေမှာတော့ မတ်ပဲစိုက်တယ်၊ အခုဆည်ရေရမယ်ဆိုတော့ မိုးစပါး၊နွေစပါး ရောစိုက်ပါ့မယ်၊ အရင်တုန်းက မိုးတွင်း ရေကြီးရင်လှေနဲ့ပဲ သွားနေရတယ်။ အခု ရေကြီးမှာ မပူရတော့ဘူး၊ လှေနဲ့လည်း မသွားရတော့ဘူး၊ တာပေါင်တွေ၊ လမ်းတွေ ဖြစ်လာလို့ ဟန်ကျတယ်၊ ရာသီမရွေး သွားလာနိုင်လို့ အစိုးရကို ကျေးဇူးတင်တယ်ကွ"ဟု ကရင်အမျိုးသားကြီးက ရိုးရိုးရှင်းရှင်း ပြောပြသည်။ ဒေသခံများ ရဲနွယ်ရေလွှဲဆည်ကြောင့် ပီတိဖြစ်နေကြပြီ။

တစ်ဖန် မြို့ချောင်းကျေးရွာ အလယ်တန်းကျောင်းခွဲမှ မူလတန်းပြ ကျောင်းဆရာမ ဒေါ်နော်အယ်ဝါးဖောက "မိုးတွင်းမှာ ကွင်းရေလျှံ ရေကြီး၍ ကျောင်းသူကျောင်းသားတွေ သွားလာရခက်ခဲကြောင်း၊ ကျောင်းမှန်မှန် မတက်နိုင်ခဲ့ကြောင်း၊ မကျန်းမာ၍ ဆေးကုသရန် သွားလာရာတွင်လည်း များစွာ အခက်အခဲကြုံတွေ့ရကြောင်း၊ မိုးတွင်းမှာ အထူး ဒုက္ခရောက်ကြရကြောင်း၊ ယခုကဲ့သို့ ရေလွှဲဆည် တည်ဆောက်ပေးသည့်အတွက် တာပေါင်များ၊ လမ်းများဖြစ်ပေါ်လာ၍ လှေဖြင့် မသွားလာရတော့ခြင်းကြောင့် အလွန်ပင်ဝမ်းသာမိပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် သွားလာရေး အခက်အခဲများ မရှိတော့ပြီဖြစ်၍ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း" ဖြင့် ပြောကြားသွားသည်။

နိုင်ငံတော်အနေဖြင့် စပါးသီးနှံ အပါအဝင် သီးနှံမျိုးစုံ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဒေသစိမ်းလန်း စိုပြည်ရေးတို့အတွက် အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စားစီမံကိန်းများကို ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခု တည်ဆောက်ပြီးစီးသွားသည့် ရဲနွယ်ရေလွှဲဆည်သည်လည်း စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဒေသစိမ်းလန်းစိုပြည်ရေးအပြင် လယ်မြေဧက တစ်သိန်းကျော်ကို ဆည်ရေပေးဝေနိုင်မည်သာမက ပြွန်တန်ဆာလွင်ပြင်တွင် မိုးတွင်းကာလ ရေနစ်မြုပ်ခြင်းမှပါ ကာကွယ်ပေးနိုင်တော့မည်ဖြစ်၍ ဒေသခံများနှင့် တောင်သူများ ဝမ်းမြောက်ပျော်ရွှင်နေကြသည်။

ရဲနွယ်ရေလွှဲဆည်ကို တည်ဆောက်နိုင်ခဲ့မှုက ဒေသခံများအတွက်အပြုံးပန်းဝေနိုင်စေခဲ့ပြီ။ ရာသီမရွေး စိုက်ပျိုးနိုင်မှုကြောင့် ဝင်ငွေတိုးမည့်အပြင် ရေလွှမ်းခြင်း ဒုက္ခမှလည်း ကင်းလွတ်တော့မည့်အဖြစ်က တစ်ချိန်တုန်းကတော့ အိပ်မက်ဖြစ်ခဲ့ဖူးသော်လည်း ယခုအချိန်၌ အိပ်မက်များက လက်တွေ့ အကောင်အထည် ပေါ်လာခဲ့ပေပြီ။ ဒေသခံတစ်ဦးကဲ့သို့ပင် စာနာကြည်နူး ပီတိဖြစ်မှုများက ရင်သို့ ကူးစက်ခဲ့သည်မှာ အပြန်ခရီးတစ်လျှောက်လုံးပင်။ ။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်း ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့နယ်များမှ လယ်မြေ ဧက ၁၁၈၅၀၀ကို စိုက်ပျိုးရေပေးမည့်အပြင် မိုးတွင်းကာလ ပြွန်တန်ဆာလွင်ပြင် ရေကြီးနစ်မြုပ်ခြင်းမှကာကွယ်ရန် ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ တည်ဆောက်ပြီးစီးသွားသော ရဲနွယ်ရေလွှဲဆည်ကို ရေထိန်းတံခါး ရေလွှဲပေါက်များနှင့်အတူ ဤသို့တွေ့ရသည်။

26-3 (05).pmd 1 3/26/2010, 2:42 AM

ဘိုကလေးမြို့ မြို့တော်ခန်းမဖွင့်ပွဲအခမ်းအနားကျင်းပ မုန်တိုင်းဒဏ်ခံ စာသင်ကျောင်းများ ပညာရေးဌာနသို့ လွှဲအပ်

နေပြည်တော် မတ် ၂၅

ဧရာဝတီတိုင်း ဘိုကလေးမြို့ မြို့တော်ခန်းမ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက် နံနက်ပိုင်းက ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ ခန်းမအလှူရှင် MRT ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများက ခန်းမကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားကို ခန်းမအတွင်း ဆက်လက်ကျင်းပရာ စာပေ၊ ရုပ်ရှင်နှင့် ဂီတ ပညာရှင် ဗိုလ်ကလေးတင့်အောင် ရေးစပ်သီကုံးသည့် ဘိုကလေးမြို့တော်ခန်းမဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းကို အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့က သီဆို၍ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ အနုပညာရှင်များက ကပြဖျော်ဖြေကြသည်။

ပေးအပ်

ထို့နောက် ဝန်ကြီး **(အပေါ်ပုံ)**နှင့် ဗိုလ်ကလေးတင့်အောင်တို့က အမှာစကား ပြောကြားကြပြီး အလှူရှင် ဦးနေအောင်က မြို့နယ်ခန်းမနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ အလှူရှင် ဦးနေအောင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ကလေးတင့်အောင် ရေးစပ်သီကုံးသော အောင်စေ၊ အောင်ကြပါစေ သီချင်းကို အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့ အဆိုတော်များက သီဆို၍ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ အနုပညာရှင်များက ကပြဖျော်ဖြေကြသည်။

အဆိုပါ မြို့တော်ခန်းမကို MRT ကုမ္ပဏီက ငွေကျပ်သိန်း ၃၃၇၀ အကုန်အကျခံ၍ အလျား ၁၃၇ပေ၊ အနံ ၈၂ပေ၊ အမြင့်ပေ ၂၀ ရှိ RC သံကူကွန်ကရစ် အဆောက်အအုံအဖြစ် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် ကွမ်းသီးချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် World Vision မှ ဆောက်လုပ်လှူဒါန်းသော Cyclone Shelter လေးလုံးနှင့် မုန်တိုင်းဒဏ်ခံ စာသင်ကျောင်း ၁၃ ကျောင်းတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပညာရေးဝန်ကြီးဌာနတို့သို့ လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

အခမ်းအနားတွင် World Vision ဌာနေကိုယ်စားလှယ် ဂျိမ်း(စ်)အယ်(လ်)တမ်ဘူအမ်က ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး World Vision မှ ဦးမိုးသူက Cyclone Shelter လေးလုံးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းထံသို့လည်းကောင်း၊ World Vision မှ ဦးအောင်နိုင်က မုန်တိုင်းဒဏ်ခံ စာသင်ကျောင်း ၁၃ကျောင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူး ဦးဘဏ်သိမ်းထံသို့ လည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စတင်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၂၅

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စတင်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် မတ် ၂၂ရက်တွင် အောက်ပါအတိုင်း လာရောက်လျှောက်ထားကြကြောင်း သတင်းရရှိသည်-

(က) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)
THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်
(THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS)

(သတင်းစဉ်)

သာစည်မြို့နယ်၌ မြို့သာယာလှပရေး ဆောင်ရွက်ပေး

သာစည် မတ် ၂၅

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်း၊ မြို့တွင်းလမ်းမများ မပျက်စီးရေးအတွက် လိုအပ်သောနေရာများတွင် ကွန်ကရစ်တံတား ပြုလုပ်ပေးခြင်း၊ မြို့ရေပေးဝေမှု အချိန်အဟုန်မပျက်စေရေးအတွက် အမှတ်(၂) ရေစင်သို့ လေးလက်မ ရေတင်ပိုက်သွယ်တန်းခြင်း၊ ရေစစ်ကန် နံရံပြုပြင်ခြင်းနှင့် ကွန်ကရစ်တိုင်အစားထိုးလဲလှယ်ခြင်း စသည့် မြို့စည်ပင်သာယာရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၉၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဋာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **လူမမာနဲ့တူစွာတို့သူငါ** တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၁)
- ၈:၃၀ Sports World (Figure Skating)
- ၈:၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ချစ်မှချစ် အကြီးကြီးချစ်**
- ၉:၁၅ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ် ကျင့်ကြစို့
- ၉:၄၀ Movie Talk [ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဦးလှထွန်း (ရှုမဝ)](အပိုင်း-၁)
- ၁၀:၃၅ ကန္တရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့....
- ၁၀:၅၀ ဖက်ရှင်လမ်းညွှန် (အနက်ရောင်ဖက်ရှင်)
- ၁၁:၁၅ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမြင်းမူမောင်နိုင်မိုး)
- ၁၁:၅၀ VJ Choice
- ၁၂:၂၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁၂:၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ချစ်မှချစ် အကြီးကြီးချစ်**
- ၁:၀၀ **လူမမာနဲ့တူစွာတို့သူငါ** တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (မင်းသားကြီးရဲစိန်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၃:၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၁)
- ၄:၁၀ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
- ၄:၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
- ၅:၀၅ မြို့တော်ဘိလပ်မြေစက်ရုံ
- ၅:၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Happy Valentines Day)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ World Of Knowledge (Hippos Africa's River Beast)
- ၇:၁၀ ဖက်ရှင်လမ်းညွှန် (အနက်ရောင်ဖက်ရှင်)
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၁)
- ၁၀:၀၀ မြို့တော်ဘိလပ်မြေစက်ရုံ
- ၁၀:၂၀ သူတို့ပြောတဲ့သူတို့အကြောင်း (မင်းသားကြီးရဲစိန်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၀:၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Happy Valentines Day)
- ၁၁:၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၁၅ စိုက်ပျိုးအောင်မြင်.... စပ်ခရမ်းချဉ်
- ၁၁:၂၅ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၁၁:၃၅ သစ်တောများမပြုန်းတီးစေရာ စွမ်းအားမြှင့် အေဝမ်းမီးဖို ထုတ်လုပ်ရာ
- ၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄:၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၉။ ပဉ္စလက်ကျောင်းတော်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၂)
- ၇:၄၅ ၁၄။ **ပြည်သူ့အတွက်တပ်မတော်** (အတိတ်ကာလဆီ နိုင်းမယှဉ်သာပြီ ကဏ္ဍစုံညီ ဖွံ့ဖြိုးပြီ မြစ်ဝကျွန်းပေါ် ဧရာဝတီ)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၃)
- ၁၉။ သီချင်းချစ်သူ(ဇင်မင်းခန့်)
- ၂၀။ အစီအစဉ်ပြီး၏။

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာဖွယ်

နေပြည်တော် မတ် ၂၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဝါဆိုဖယောင်းတိုင် ဟာသဇာတ်မြူးရုံဝင်လာ

ရန်ကုန် မတ် ၂၅

ဂေါက်ကြီး၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ မိုက်တီးရိုက်ကူးသည့် ဝါဆိုဖယောင်းတိုင် ဟာသဇာတ်မြူးကား ယခုသောကြာပတ်တွင် ရုံဝင်လာသည်။

လူပျိုကြီးများဇာတ်လမ်း

မောင်နိုင်၊ ခင်မောင်သန့်၊ ပိုင်ပိုင်တို့ သုံးဦးမှာ ဇီဇာကြောင်သော လူပျိုကြီးများဖြစ်သည်။ စာပေဖြန့်ချိရေးပိုင်ရှင် မောင်နိုင်တွင် ပျိုပျိုမေဆိုသော ချစ်သူရှိပါလျက် အိမ်ထောင်ရေးတာဝန်ကို တွေးကြောက်ပြီး မိန်းမ မယူဖြစ်။ ပိုင်ပိုင်က နိုင်ငံရပ်ခြားတွင် စီးပွားရှာသူ။ စီးပွားရေး အဆင်ပြေသော်လည်း အချစ်ရေးက မပြေလည် ရွှေဂုဏ်ထူးဆိုသော မိန်းမချောလေး၏ စွန့်ပစ်ခြင်းကိုခံရသူ။ ခင်မောင်သန့်က တက္ကသိုလ်ကျောင်းဆရာ ပညာတတ်မာန်ဖြင့် မတူမတန် ဆက်ဆံတတ်သော်လည်း ဘရဏီဘသော်၏ မာနချိုးခြင်းခံရသဖြင့် စိတ်ညစ်ညစ်နှင့် ခရီးထွက်ရန် ကျိုက်ထီးရိုးတွင် လူပျိုသုံး သုံးယောက်ဆုံကြသည်။ ဘုရားတက်ရင်း အိန္ဒြာဆိုသော မိန်းမချောလေးနှင့် ဆုံမိရာက လူပျိုသုံးသုံးယောက်စလုံး စိတ်ကူးယဉ်ကြောတွင် ပြိုင်တူမျောပါသွားကြပုံများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဟာသဇာတ်မြူးကားဖြစ်သည်။ **ဝါဆိုဖယောင်းတိုင်**ကို ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ကြည့်နိုင်ပြီး မန္တလေးတွင် ဝင်းလိုက်နှင့် မြို့မရုံများတွင် တစ်ပြိုင်တည်း ပြသနေသည်။

အတည်ပေါက်

လူငယ်ဒါရိုက်တာ ဓာတ်ပုံ အဏ်ထော်ဏီ၏ **အတည်ပေါက်နောက်တဲ့လူ** ဇာတ်ကားမှာ ရွှေဆောင်၊ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုပ်ရှင်ရုံတွင် **SURROGATE** ဇာတ်ကားသစ် ရုံဝင်လာပြီး တန်းမြင့်မြို့မရုံတွင် **Tu Nagin Main Sapera** မြွေမင်းသမီး၏ သွေးကလဲ့စား အက်ရှင်ဇာတ်ကား ပြသနေပြီး ဘုရင့်ရုံတွင် ဂြိုဟ်သားဇာတ်ကား **Koi Mil Gaya** ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ဝါဆိုဖယောင်းတိုင်မှ လူပျိုကြီး သုံးယောက်နှင့် သူတို့၏ ချစ်သူများ။
(မြန်မာ့အလင်း)

ပြည်ထောင်စုတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေး နိုင်ငံတော်က စီစဉ်ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိရာတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးလည်းပါဝင်သည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	**ဆေးရုံများတိုးချဲ့မြှင့်တင်မှု**	၆၃၁	၈၇၁	၂၄၀
	- ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၆၁၇	၈၄၄	၂၂၇
	- အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၁၄	၂၇	၁၃
၂	**တိုင်းရင်းဆေး**			
	- တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
	- တိုင်းရင်းဆေးကုဌာန	၈၉	၂၃၇	၁၄၈
၃	**ကျန်းမာရေးဌာန**			
	- ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၅၀၄	၁၆၇
	- ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၂
၄	**ဆေးနှင့်ကျန်းမာရေးဆိုင်ရာသင်ကြားမှု**			
	- တက္ကသိုလ်များ	၄	၁၅	၁၁
	- သင်တန်းကျောင်းများ	၂၃	၄၃	၂၀

အမျိုးသမီးနှင့် ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး အဆောက်အအုံကို တည်ဆောက်ပေးထားသည်။

မန္တလေးမြို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ သွားဘက်ဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးလျက်ရှိသည်။

26-3 (07).pmd 1 3/26/2010, 2:42 AM

(၆၅)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

အမျိုးသားရေးလုပ်ငန်းစဉ်တိုင်းမှာ ထာဝရ အရေးပါနေမည့်တပ်မတော်

ကျော်ရဲမင်း



ဒီနေ့တပ်မတော်ဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအတွက် အဓိက အမျိုးသားရေး အင်အားစုကြီးတစ်ရပ်ဖြစ်သလို အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်စွာ လျှောက်လှမ်းနိုင်ဖို့ လမ်းပြ ဦးဆောင်နေတဲ့ အခိုင်မာဆုံး အဖွဲ့အစည်းကြီးလည်း ဖြစ်ပါတယ်။ တပ်မတော်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနဲ့ ထပ်တူ ရှင်သန်ပေါက်ဖွားလာခဲ့တာဖြစ်ပြီး စတင် သန္ဓေတည်ကတည်းက ယနေ့ထက်တိုင် နိုင်ငံအတွက်၊ ပြည်သူအတွက် စွမ်းစွမ်းတမံ ရပ်တည် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ပြည်သူ့တပ်မတော်စစ်စစ်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ဆန်းစစ်ကြည့်ရင် တပ်မတော်ရဲ့ သမိုင်းဂုဏ်ရောင် ထွန်းပြောင်တဲ့ စွမ်းဆောင်အောင်မြင်မှု တွေကြောင့် နိုင်ငံ့လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ပြီး အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်နိုင်ခဲ့သလို ကျွန်တော်တို့ ပြည်သူတွေဟာလည်း သူ့ကျွန်ဘဝ၊ သူ့ကျွန်တွင်းက လွတ်မြောက်ပြီး လွတ်လပ်တဲ့ သခင်လူမျိုး၊ သခင်ပြည်သူများအဖြစ် ဝင့်ကြွားဂုဏ်ယူစွာ ရပ်တည်ရှင်သန်ခွင့် ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် တပ်မတော်ဟာ တိုင်းရင်းသားပြည်သူတွေရဲ့ အသက် အိုးအိမ်စည်းစိမ်တွေကို အစဉ်တစိုက် စောင့်ရှောက်ကာကွယ်ပေးနိုင်ခဲ့ သလို နိုင်ငံရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးလုနီးပါး အခြေအနေမျိုး၊ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံး အန္တရာယ်ချောက်ကမ်းပါးအတွင်းကို ကျရောက်လု နီးပါး အခြေအနေမျိုး၊ ပြည်သူတွေရဲ့ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားတော့မယ့် အခြေအနေမျိုးတွေ ကြုံလေတိုင်း နိုင်ငံနဲ့ ပြည်သူ ကို ကယ်တင်စောင့်ရှောက်ရင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည် ဦးဆောင်ပေးနိုင်ခဲ့တာလည်း မှတစ်ပါးအခြားမရှိတဲ့ တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်ပါတယ်။

တကယ်တမ်းပြောရရင် တပ်မတော်ဟာ နိုင်ငံလွတ်လပ်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရတဲ့အပြင် ရရှိပြီးတဲ့ လွတ်လပ်ရေးနဲ့ အချုပ် အခြာအာဏာ ပြန်လည်မဆုံးရှုံးရအောင်လည်း အစွမ်းကုန် ထိန်းသိမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ရတာ အထင်အရှားပါပဲ။ အဲဒီလို ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်ရာမှာ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရတော့မယ့် အန္တရာယ် ကာလကြီးလေးရပ်ကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင် ဖြတ်ကျော်နိုင်ခဲ့တာကို မလွဲမသွေ တွေ့ရမှာဖြစ်ပါတယ်။

ပထမဆုံးအန္တရာယ်ကတော့ ၁၉၄၈-၁၉၄၉ မှာ ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းမှု အန္တရာယ်ပဲဖြစ်ပြီး နယ်ချဲ့ရဲ့ သွေးခွဲမှု ပယောဂကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ လူမျိုးရေး အခြေခံသောင်းကျန်းသူတွေ နဲ့ နိုင်ငံရေးဝါဒစွဲ အခြေခံသောင်းကျန်းသူတွေကို နှိမ်နင်းပြီး တစ်နိုင်ငံလုံး အေးချမ်းသာယာအောင် စွမ်းဆောင်ပေးခဲ့ရပါတယ်။ တစ်ဆက်တည်း ကူမင်တန် ပြည်ပကျူးကျော်မှု အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းနိုင်ခဲ့ ပါတယ်။ ဒါ သမိုင်းမှာ အထင်အရှားပါ။

ဒုတိယအကျပ်အတည်းကတော့ ၁၉၅၈ခုနှစ် ပါတီနိုင်ငံရေးသမား များရဲ့ အကွဲအပြဲဇာတ်လမ်းပဲ ဖြစ်ပါတယ်။ အာဏာရ နိုင်ငံရေးပါတီ အတွင်း ပဋိပက္ခများ ကြီးမားပြင်းထန်ခဲ့သလို ပါတီနိုင်ငံရေး အကွဲအပြဲ ကြောင့် ပြည်သူများအကြားမှာလည်း စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်ခဲ့ရ ပါတယ်။ ဒီလို တစ်နိုင်ငံလုံး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပြီး သွေးချောင်း စီးတော့မယ့် အန္တရာယ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် တပ်မတော်ကပဲ အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပြီး နိုင်ငံတော် တည်ငြိမ်ကြံ့ခိုင်အောင် အချိန်တိုအတွင်း ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရပါတယ်။

နောက်တစ်ခါ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်း ချက်ကြောင့် လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ ရှမ်းပဒေသရာဇ်တချို့က ဖက်ဒရယ်မှုကို တောင်းဆိုပြီး ပြည်ထောင်စုက ခွဲထွက်ဖို့ ကြိုးစားခဲ့ပြန် ပါတယ်။ ဒီလို ပြည်ထောင်စုကြီး ပြိုကွဲမယ့်အရေးကြောင့် ၁၉၆၂ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန် ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရအဖြစ် ပေါ်ထွက်လာခဲ့ပြီး မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်နဲ့ နိုင်ငံကို သမိုင်းတစ်ဆစ်ချိုး ပြောင်းလဲတည်ဆောက် ခဲ့ပါတယ်။

နောက်ဆုံး အကျပ်အတည်းကတော့ ၁၉၈၈ အရေးအခင်းပဲ ဖြစ်ပါ တယ်။ ၁၉၄၇ အခြေခံဥပဒေပါ အားနည်းချက်များရဲ့ ရိုက်ခတ်မှု အကင်း မသေသေးတဲ့အချိန်မှာ ၁၉၇၄ အခြေခံဥပဒေ ကျင့်သုံးမှုဟာလည်း နိုင်ငံနဲ့ ပြည်သူရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းမပေးနိုင်ခဲ့တဲ့အတွက် ပြည်သူ များအတွင်း အထွေထွေမကျေနပ်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါကို အခြေခံပြီး မြေပေါ် မြေအောက်၊ လက်ဝဲ လက်ယာ၊ ပြည်တွင်း ပြည်ပ ပယောဂမျိုးစုံရဲ့ လှုံ့ဆော်သွေးထိုးမှုတွေအောက်မှာ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့လို့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းပြီး တိုင်းပြည် ပျက်လုနီးပါး ဖြစ်ပွားခဲ့ရပါတယ်။ နောက်ဆုံး အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရလုဆဲဆဲမှာပဲ တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန် အရပ်ရပ်ကို မလွှဲမရှောင်သာ ရယူခဲ့ရခြင်းဖြစ်ပါတယ်။

အဲဒီလို ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းကို ပြန်ကြည့်ရင် ကျွန်တော် တို့ ပြည်သူတွေဟာ အခက်အခဲပေါင်းများစွာနဲ့ ဆင်းရဲဒုက္ခပေါင်းစုံကို ခါးစည်းခံခဲ့ကြရတာ အမှန်ပဲဖြစ်ပါတယ်။ ၁၉၄၈-၁၉၈၈ နှစ်ပေါင်း လေးဆယ်ကျော် ကာလတစ်လျှောက်လုံး တည်ငြိမ်အေးချမ်းမှု လုံးဝမရှိခဲ့တဲ့ အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာလည်း စိတ်ကူးနဲ့တောင် မျှော်လင့်လို့ မရနိုင်တဲ့ အခြေအနေမျိုးနဲ့ ကြုံတွေ့ဖြတ်သန်းခဲ့ကြရပါတယ်။ ဒါကြောင့် လည်း တပ်မတော်ဟာ ၁၉၈၈ နောက်ပိုင်းကစပြီး နိုင်ငံတည်ငြိမ်အေးချမ်း အောင် ဆောင်ရွက်ပေးခဲ့သလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အအုံ(Infrastructure) အားလုံးကို ပုံဖော်တည်ဆောက်ပေးခဲ့ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်း လာတာနဲ့အမျှ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ ပြည်သူအားလုံးဟာ ကိုယ်စီအကျိုးစီးပွား ဖြစ်ထွန်းမြင့်မား တိုးတက်မှု ကိုပါ ခံစားရရှိလာနိုင်ခဲ့ပါတယ်။

တပ်မတော်အစိုးရလက်ထက်မှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနဲ့အတူ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် လိုအပ်မယ့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း ဆက်စပ်ဖော်ဆောင်ပေးလျက်ရှိပါတယ်။ ဒီလို ကြိုးပမ်းဆက်စပ် ဖော်ဆောင် ပေးမှုကြောင့် အတိုင်းအတာတစ်ခုထိ အောင်မြင်ပြီးမြောက် ခရီးရောက် လာခဲ့ပြီး ယနေ့ နိုင်ငံတော်မှာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လျက် ရှိတာကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။

ဒီလို စွမ်းဆောင်အောင်မြင်ခဲ့တဲ့ မှတ်တိုင်များအနက် တပ်မတော် အစိုးရရဲ့ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှု ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ လွတ်လပ်ရေးရတဲ့ အချိန်ကစပြီး ပြည်တွင်းရောင်စုံ သောင်းကျန်းမှုတွေ၊ လူမျိုးစု အကြမ်းဖက် ဆူပူသောင်းကျန်းမှုတွေ မှိုလိုပေါက်လာခဲ့တဲ့ သမိုင်းပေး အခြေအနေအရပ်ရပ် ကြောင့် ပြည်သူတွေဟာ အစဉ်အဆက် မအေးချမ်းတဲ့၊ မတည်ငြိမ်တဲ့ ကျီးလန့်စာစားဘဝမျိုးကို ခါးစည်းခံရင်း ခါးသီးစွာ ရင်ဆိုင်ဖြတ်သန်း ခဲ့ကြရတာ နှစ်ပေါင်း လေးဆယ်ကျော်ခဲ့ပါတယ်။ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ် အစိုးရအဆက်ဆက် အနေနဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ ငြိမ်းချမ်းရေး တည်ဆောက် နိုင်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမယ့်လည်း ဘယ်လိုမှ အောင်မြင်မှုမရနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီလို သမိုင်းပေးအခြေအနေ မျိုးမှာ တပ်မတော်အစိုးရအနေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိဖို့အတွက် ၁၉၈၉ ခုနှစ်လောက်ကတည်းက တွေ့ဆုံဆွေးနွေးအဖြေရှာ တဲ့ နည်းလမ်းကိုသုံးပြီး အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့နိုင်ပါတယ်။

တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ကို စတင်တာဝန်ယူချိန်ကစပြီး တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် တိုင်းပြည် တည်ငြိမ် အေးချမ်းဖို့နဲ့ အဲ့ဒီတိုင်းပြည်မှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ဖို့ မရှိမဖြစ် လိုအပ်တယ်လို့ ယုံကြည်ခံယူခဲ့ပါတယ်။ အဲဒီလို ယုံကြည်ခံယူတဲ့အတိုင်း ယခုတစ်ကြိမ်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို အောင်အောင်မြင်မြင် တည်ဆောက်ဖော်ဆောင်နိုင်အောင် (၁) ယခင်နဲ့ မတူတဲ့ မူဝါဒပြောင်းလဲချမှတ်ပြီး ဖြေရှင်းဆောင်ရွက်တဲ့နည်းလမ်း၊ (၂) နိုင်ငံရေးကိစ္စများနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံမှာ ညှိနှိုင်းအဖြေရှာတဲ့ နည်းလမ်း၊ (၃) ထာဝရငြိမ်းချမ်းရေးအတွက် ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နဲ့အညီ လိုက်နာဆောင်ရွက်ဖို့ ညှိနှိုင်းသဘောတူတဲ့ နည်းလမ်း ဆိုတဲ့နည်းလမ်း (၃)သွယ်ကို အခြေခံပြီး ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ယခင်နဲ့မတူတဲ့ မူဝါဒများ ပြောင်းလဲချမှတ်ပြီး ညှိနှိုင်းဖြေရှင်းနိုင်ခဲ့တဲ့ အတွက် ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နဲ့ အဖွဲ့ ငယ်ပေါင်း (၂၀)ကျော်ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်း သားအဖွဲ့များအနေနဲ့ နိုင်ငံရေးအရ လိုအပ်ချက်များအတွက် အမျိုးသား ညီလာခံကို တက်ရောက်ပြီး ဖော်ထုတ်တင်ပြခွင့်၊ အပေးအယူ၊ အလျှော့ အတင်းများဖြင့် ဒီမိုကရေစီသဘောတရားနဲ့အညီ အများစုကြီးက လက်ခံ

တပ်မတော်အစိုးရ လက်ထက်မှာ ပြည်သူတွေ လိုလားတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနဲ့အတူ နိုင်ငံတည်ငြိမ် အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် လိုအပ်မယ့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း ဆက်စပ် ဖော်ဆောင်ပေးလျက်ရှိပါတယ်။ ဒီလို ကြိုးပမ်းဆက်စပ် ဖော်ဆောင်ပေးမှုကြောင့် အတိုင်းအတာတစ်ခုထိ အောင်မြင် ပြီးမြောက် ခရီးရောက်လာခဲ့ပြီး ယနေ့ နိုင်ငံတော်မှာ အဘက် ဘက်က ဖွံ့ဖြိုးတိုးတက်လျက်ရှိတာကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။

ပြည်သူ့အ...

* လွတ်လပ်ရေး ကြိုးပမ်းမှု
  သမိုင်းပြု အခြေတည်။
  မိဘပြည်သူ ရင်ခွင်ကြားက
  ပေါက်ဖွားခဲ့သည်။
  တိုင်းရင်းသားစုံ ညီနောင်များ
  ပေါင်းစုအားနဲ့ ကြွားဝင့်ချီ
  ပြည်သူရဲ့ တပ်မတော်အစစ်။
  ပြည်သူကို လေးစား
  နိုင်ငံကို အလေးထားလို့
  သွေးသားနှယ် သက်နှင်းအပ်
  မြတ်နိုးပုံချစ်။
* လွတ်လပ်ရေး တော်ဝင်ပန်း
  ဆွတ်လှမ်းအရ ယူခဲ့တယ်။
  ချုပ်အခြာ အာဏာတည်လို့
  မိမြန်ပြည် ဘေးမသန်းအောင်လ...
  ကြိုးပမ်းကာကွယ်။
  နိုင်ငံနဲ့ ပြည်သူအကျိုး

(၆၅)နှစ်မြောက် တပ်မ...
ဂုဏ်ပြုကြိုဆိုလျက်...

ကျွန်တော်တို့...
လမ်းစဉ် (၇)ရပ်...
အသင့်မြတ်ဆုံးနဲ့...
နိုင်ပါတယ်။ ဒါ...
များဟာ နိုင်ငံသား...
ရမယ့် ပြည်တွင်း...
ကျင့်စဉ်နဲ့အညီ...
နိုင်တဲ့အဆင့် ရေ...
ဦးဆောင်ပေးနေ...
ရမှာပဲ ဖြစ်ပါတယ်...

ပြည်သူ့အတွက် တပ်မတော်

* လွတ်လပ်ရေး ကြိုးပမ်းမှု
သမိုင်းပြု အခြေတည်။
မိဘပြည်သူ ရင်ခွင်ကြားက
ပေါက်ဖွားခဲ့သည်။
တိုင်းရင်းသားစုံ ညီနောင်များ
ပေါင်းစုအားနဲ့ ကြွားဝင့်ချီ
ပြည်သူရဲ့ တပ်မတော်အစစ်။
ပြည်သူကို လေးစား
နိုင်ငံကို အလေးထားလို့
သွေးသားနှယ် သက်နှင်းအပ်
မြတ်နိုးပုံချစ်။

* လွတ်လပ်ရေး တော်ဝင်ပန်း
ဆွတ်လှမ်းအရ ယူခဲ့တယ်။
ချုပ်အခြာ အာဏာတည်လို့
မိမြန်ပြည် ဘေးမသန်းအောင်လည်း
ကြိုးပမ်းကာကွယ်။
နိုင်ငံနဲ့ ပြည်သူအကျိုး
သယ်ပိုးလို့ စောင့်ရှောက်ကယ်
အရေးရယ် ကြုံလေတိုင်း။
နိုင်ငံလည်း နွံမနစ်
ပြည်သူလည်း ကျွန်မဖြစ်ရအောင်
မျိုးချစ် စေတနာအမှန်နဲ့
သွေ့ဘယာရန် ပယ်ခွာငြိမ်း
ထိန်းမ,ကူဝိုင်း။

* အမျိုးသား အကျိုးစီးပွား
အလေးထားတဲ့ တပ်မတော်။
ပြည်သူကို လမ်းမှန်ပြ
ဖေးမ,တွဲခေါ်။
ဒီမိုကရေစီ နိုင်ငံသစ်
ထုဆစ်လို့ ပုံဖော်
တူပျော်ပျော် မော်နိုင်ရေး။
စခန်း မဝေးပြီဘု
လမ်းဖွေးညီ ဖြောင့်ဖြောင့်တန်းပေမို့
တွဲလက်ညီ အတူလှမ်း
ပန်းဝင်စို့လေး။ ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို
ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှု စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိပကတိ အရှိတရားအရ မူဝါဒလမ်းစဉ် (၇)ရပ်သည်သာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် အသင့်မြတ်ဆုံးနဲ့ အလျော်ကန်ဆုံးဖြစ်တယ်လို့ သုံးသပ်တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့အရေးအရာ ကိစ္စရပ်များဟာ နိုင်ငံသား ပြည်သူများကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းရမယ့် ပြည်တွင်းရေးကိစ္စများသာ ဖြစ်တဲ့အတွက် ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူများကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းနိုင်တဲ့အဆင့် ရောက်လာအောင် တပ်မတော်က လမ်းပြဦးဆောင်ပေးနေတာကိုလည်း တလေးတစား အသိအမှတ်ပြုရမှာပဲ ဖြစ်ပါတယ်။

သဘောတူနိုင်တဲ့ အဖြေရသည်အထိ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခွင့်များလည်း ရရှိခဲ့ကြပြီးဖြစ်ပါတယ်။

ယခုအချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူ ၉၂ဒသမ၄၈ ရာခိုင်နှုန်းရဲ့ တစ်ခဲနက်ထောက်ခံမှုနဲ့ အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီကို အာမခံချက်ပေးနိုင်အောင် မူလသဘောတူထားတဲ့အတိုင်း သိမ်သိမ်မွေ့မွေ့နဲ့ ဆက်လက်ညှိနှိုင်း ဖော်ဆောင်လျက်ရှိပါတယ်။ တိုင်းရင်းသားအဖွဲ့များအနေနဲ့လည်း အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ထာဝရငြိမ်းချမ်းရေးအတွက် အသွင်ကူးပြောင်းနိုင်အောင် လိုလိုလားလား တက်တက်ကြွကြွ ပူးပေါင်းခဲ့ကြပြီးဖြစ်သလို အချို့လည်း ဆက်လက်ညှိနှိုင်း ဆောင်ရွက်နေဆဲဖြစ်တာကို တွေ့မြင် ကြားသိနေရပါတယ်။

ဒီလိုအောင်မြင်မှုတွေ ရရှိလာခြင်းဟာ ငြိမ်းချမ်းရေးတည်ဆောက်မှုမှ တစ်ဆင့် တိုးတက်ဖြစ်ထွန်းလာတဲ့ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတစ်ရပ်လုံးကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်နိုင်အောင်၊ ဆက်လက်ကာကွယ် စောင့်ရှောက်ပေးနိုင်အောင် ပူးပေါင်းဆောင်ရွက်လိုက်တဲ့ အားသစ်လောင်းမှုပဲ ဖြစ်ပါတယ်။ တစည်းတလုံးတည်း ဖြစ်တည်ပြီးဖြစ်တဲ့ တပ်မတော်ကြီးအတွင်း တိုင်းရင်းသားအဖွဲ့များအားလုံးပါ ပူးပေါင်းပါဝင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြမယ်ဆိုရင် ကျွန်တော်တို့ ရေပက်မဝင်တဲ့ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပိုင်ဆိုင်ရရှိမှာ မလွဲဧကန်ပါပဲ။

ဒါတွေကြောင့်လည်း ပြည်သူက တပ်မတော်အစိုးရရဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ထောက်ခံယုံကြည် အားကိုးနေကြခြင်းပဲ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံတော်အတွင်း ယခင်ကလို မတည်ငြိမ်မှုတွေ၊ မအေးချမ်းမှုတွေ၊ ဆူပူအကြမ်းဖက်မှုတွေ ပြန်လည်ပေါ်ပေါက်လာပြီး ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ လူမှုစီးပွား အခွင့်အလမ်းတွေ ပျက်စီးသွားမှာ၊ နှောင့်နှေးရပ်တန့်သွားမှာကို ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုတွေ ရှိနေကြတာအမှန်ပါပဲ။ ဒါကြောင့်လည်း ယခုလို ဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ဖြစ်ထွန်းနိုင်အောင်၊ တည်ငြိမ်အေးချမ်းစွာနဲ့ ဒီမိုကရေစီကို ကူးပြောင်းနိုင်အောင် တပ်မတော်အစိုးရရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် ကျွန်တော်တို့ ပြည်သူအားလုံး လိုလိုလားလား အင်တိုက်အားတိုက် ထောက်ခံလက်တွဲ ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ တပ်မတော်ဟာ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍက တာဝန်ယူပြီး ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီကို လမ်းပြပေးသူ ဖြစ်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ လူ့ဘောင်သစ်ဆီကို မရောက်ရောက်အောင် ပို့ဆောင်ပေးသူလည်း ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူက သိပါတယ်။ သို့သော် ဆန့်ကျင်ဘက်အုပ်စုတွေက ပြည်သူတွေရဲ့အရေး၊ ဒီမိုကရေစီအရေး ဆိုတာတွေထက် အာဏာအရေး၊ ပါတီအရေးကိုသာ ရှေ့တန်းတင်နေကြလေတော့ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးလမ်းကြောင်းနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတာ မဆန်းလှပါဘူး။ ဒီတော့ သူတို့က တပ်မတော်အပေါ် ရန်ငြိုးဖွဲ့ပြီး ငြိုးသူရန်ဘက်ပမာ သဘောထား ဆက်ဆံလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်အတွက် အင်မတန်အန္တရာယ်ကြီးလှတဲ့ တပ်မတော် ဖြိုခွဲရေးလုပ်ငန်းကြီးကို ပြည်ပဆန့်ကျင်ဘက် အသံလွှင့်ဌာနတွေနဲ့ပေါင်းပြီး တစိုက်မတ်မတ် ဖန်တီးလုပ်ဆောင်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း ယနေ့တပ်မတော်ကတော့ ဘေးပြောတာကို မယုံဘဲ သွေးပြောတာကိုသာ ယုံကြည်လက်ခံပြီး တည်ငြိမ်ရင့်ကျက်မှုအပြည့်နဲ့ ခိုင်ခိုင်မာမာ စုစုစည်းစည်း ခရီးဆက် ချီတက်နေတာ တကယ့်ကို အားရကျေနပ်စရာပါပဲ။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိပကတိ အရှိတရားအရ မူဝါဒလမ်းစဉ် (၇)ရပ်သည်သာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် အသင့်မြတ်ဆုံးနဲ့ အလျော်ကန်ဆုံးဖြစ်တယ်လို့ သုံးသပ်တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ အရေးအရာ ကိစ္စရပ်များဟာ နိုင်ငံသားပြည်သူများကိုယ်တိုင် ကိုင်တွယ် ဖြေရှင်းရမယ့် ပြည်တွင်းရေးကိစ္စများသာဖြစ်တဲ့အတွက် ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူများကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အဆင့် ရောက်လာအောင် တပ်မတော်က လမ်းပြဦးဆောင်ပေးနေတာကိုလည်း တလေးတစား အသိအမှတ်ပြုရမှာပဲ ဖြစ်ပါတယ်။ တစ်ဆက်တည်း တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာဖြစ်တယ်ဆိုတာကို အလေးအနက် သိမြင်နားလည်ယုံကြည်ပြီး တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာ ဝိုင်းဝန်းကူညီကြရမှာလည်း အမှန်ပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အဆုံးစွန်သော အောင်မြင်မှုနဲ့ တာဝန်ကျေခဲ့ပါတယ်။ ဆက်လက်ပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းမှုအပိုင်း၊ ပြည်သူရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး ကာကွယ်စောင့်ရှောက်မှု အပိုင်းမှာလည်း နိုင်ငံနဲ့ပြည်သူကို မှဲ့တစ်ပေါက် မစွန်းရအောင် အပြည့်အဝ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ခဲ့ပါတယ်။ ဒီနေ့ခေတ် နိုင်ငံတော်တည်ဆောက်ရေး အပိုင်းမှာလည်း ဘယ်ခေတ်ဘယ်အခါကနဲ့မှ မယှဉ်သာအောင် စွမ်းစွမ်းတမံ ထူးထူးခြားခြား တည်ဆောက် ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အားလုံးမှာ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး ပြည်တွင်းအား၊ ပြည်သူ့အားနဲ့ ပူးပေါင်းစွမ်းဆောင်နိုင်ခဲ့လို့ အောင်မြင်ခဲ့ကြခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေး လုပ်ငန်းစဉ်တိုင်းမှာ တပ်မတော်ရဲ့အခန်းကဏ္ဍဟာ ထာဝရအရေးပါနေမည်သာဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြရင်း (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါတယ်။ ။

သမိုင်းမော်ကွန်းတင်ခဲ့ပြီ

* အရေးသုံးပါး၊ ဦးထိပ်ထားလျက်
တရားသောစစ်၊ အောင်ပွဲသစ်ဖို့
ဆုပ်ကျစ်အားခဲ၊ သတ္တိ,ဖွဲ့နှင့်
ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား
ပြည်တစ်လျားမှာ၊ ထိပါး နှောင့်ယှက်
အဖျက်ရန်ငတ်၊ အမျိုးပြုတ်အောင်
တိုက်ထုတ်ဖယ်ရှား ချေမှုန်းပြီ။
စွန့်လွှတ် စွန့်စား အောင်စစ်သည်။

* ဒို့မြေ တစ်လက်မ၊ မကျုးရအောင်
တက်ကြွပြင်းထန်၊ ဇာတိမာန်နှင့်
ထက်သန်ခိုင်မြဲ၊ လုံ့လခဲ၍
လက်တွဲတွန်းလှန်၊ အဖျက်ရန်ကို
မြေလှန်သုတ်သင် အောင်ပွဲဆက်။
တပ်မတော်ပြည်သူ ပေါင်းစည်းယှက်။

* တိုင်းပြည်အတွက်၊ ဦးထိပ်ထက်၌
လေးချက်သစ္စာ၊ ပန်ဆင်ကာဖြင့်
ရင်မှာကတုတ်၊ ငုတ်ကိုသင်ဖြိုး
ဆူးကိုမွေ့ယာ၊ ပန်းပမာသို့
ဇာနည်မျိုးချစ်၊ အားသစ်မာန်လျှံ့
တစ်မှုန့်မြေစာ၊ တစ်လွှာ ပန်းခြောက်
တစ်ပေါက်ရေစက်၊ ပွဲမထွက်အောင်
အသက်နှင်းအပ်၊ သွေးချင်းထပ်၍
စောင့်ကြပ်အမြဲ ကာကွယ်မည်။
သားကောင်းဇာနည်အောင်ပွဲချီ။
သမိုင်းမော်ကွန်းတင်ခဲ့ပြီ။ ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို
ဂုဏ်ပြုကြိုဆိုလျက်-

မောင်ထည်ဝါ (ပျော်ဘွယ်)

● *ရွှေဖုံးမှ*

လမ်းသစ်ဖွင့်

ရှေးဦးစွာ(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှိုင်သာယာ-ပုသိမ် အမှတ် (၅)လမ်းမကြီးနှင့် ဒလ-တွံတေးလမ်းသို့ ဆက်သွယ်သည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် လှိုင်သာယာမြို့နယ် အမှတ် (၅)လမ်းမကြီးနှင့် ဒလ-တွံတေးလမ်းသို့ဆက်သွယ်သည့် လမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက လမ်းဖောက်လုပ်ပေးမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တံတားအမှတ် (၁/၁) တောင်ဘက်ပိုင်း တံတားဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ အမှတ်(၅)လမ်းမကြီးနှင့် ဒလ-တွံတေးဆက်သွယ်သည့် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၅)လမ်းမကြီးနှင့် ဒလ-တွံတေးဆက်သွယ်သည့် ကတ္တရာလမ်းသစ် ကမ္ဗည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် (၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကွမ်းခြံကုန်း - တော်ခရမ်း - အနောက်ဘို့ဒင်လမ်းရှိ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားနှင့်စပ်လျဉ်း၍ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တံတားအနီးရှိ မုခ်ဦး၌ နေရာယူကြပြီး တိုင်းမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၀ ခုနှစ် မတ်၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဒီပူမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာဘော်လီဘော အားကစားသမားများ ဗီယက်နမ်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂၅

ဗီယက်နမ် DUC LONG ARMY(5) CLUB အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် Professional ဘော်လီဘော အားကစားသမား ကျော်စွာဝင်းနှင့် ဗီယက်နမ် ဟိုချီမင်းစီတီ ဘော်လီဘောကလပ်အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် Professional ဘော်လီဘောအားကစားသမား ဝင်းထွန်းဦးတို့သည် မတ် ၂၄ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကိုယ်စားပြုပါဝင်ရန် ရည်ရွယ်

မြန်မာ့ Professional ဘော်လီဘောသမားများအနက် ကျော်စွာဝင်းသည် ဗီယက်နမ် League Tournament ဘော်လီဘောပြိုင်ပွဲတွင် အသက်(၂၀)အောက် လူငယ်များဖြင့် ဖွဲ့စည်းထားသော DUC LONG ARMY(5) CLUB တွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းပြိုင်ပွဲ၏ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ကျင်းပမည်ဖြစ်ရာ ရှုံးထွက်ပြိုင်ပွဲကျင်းပရန် ခြောက်လကျော်ကြာမည်ဖြစ်၍ ရန်ကုန်မြို့သို့ ပြန်လာခြင်းဖြစ်သည်။ ထို့အပြင် ၂၀၁၀ခုနှစ် အာရှအားကစားပြိုင်ပွဲရှိ၍ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းတွင် ကိုယ်စားပြုပါဝင်ရန်လည်း ရည်ရွယ်၍ ပြန်လာခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စွာဝင်းသည် စည်းကမ်းရှိပြီး အားကြိုးမာန်တက် အားထုတ်မှုရှိ၍လည်းကောင်း၊ ဘော်လီဘောအားကစားနည်းစနစ်ပိုင်း ကျွမ်းကျင်မှုရှိသဖြင့်လည်းကောင်း DUC LONG ARMY(5) CLUB အသင်းမှ တာဝန်ရှိသူများက ချီးကျူးကြပြီး လိုအပ်လျှင် ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ချီးကျူးခဲ့

မြန်မာ့ Professional ဘော်လီဘောအားကစားသမားဖြစ်သော ဝင်းထွန်းဦးသည် ဗီယက်နမ် League Tournament ဘော်လီဘောပြိုင်ပွဲတွင် ဗီယက်နမ် ဟိုချီမင်း စီတီ ဘော်လီဘောကလပ်အသင်းတွင် ကိုယ်စားပြု၍ (က)အုပ်စု၌ အုပ်စုပြိုင်ပွဲများအဖြစ် ငါးပွဲယှဉ်ပြိုင်ကစားခဲ့သည်။ ဝင်းထွန်းဦးလည်း ၂၀၁၀ ခုနှစ် အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းတွင် ကိုယ်စားပြုရန် ပြန်လာခြင်းဖြစ်သည်။ ဝင်းထွန်းဦးသည် ပြိုင်ပွဲတစ်လျှောက်လုံး လက်စွမ်းပြကစားနိုင်ခဲ့၍ ဟိုချီမင်းစီတီကလပ်အသင်းမှ တာဝန်ရှိသူတို့က ချီးကျူးခဲ့သည်။ နောင်လိုအပ်လျှင်လည်း ဝင်းထွန်းဦးကို ဦးစားပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ် DUC LONG ARMY(5) CLUB အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် Professional ဘော်လီဘောအားကစားသမား ကျော်စွာဝင်းနှင့် ဗီယက်နမ် ဟိုချီမင်းစီတီ ဘော်လီဘောကလပ်အသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် Professional ဘော်လီဘောအားကစားသမား ဝင်းထွန်းဦးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြစဉ်။
(ဘော်လီဘောအဖွဲ့ချုပ်)

Concordia Int'l Co.,Ltd. မှ IT & Mobile Show ပြပွဲတွင် ဝင်ရောက်ပြသမည်

ရန်ကုန် မတ် ၂၅

Concordia Int'l Co.,Ltd. မှ ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်ရှိ စိန်ဂေဟာ ပါရမီစင်တာ၌ မတ် ၂၆ရက်မှ ၂၈ရက်အထိ ကျင်းပမည့် JUPITER IT MALL အကြိုဖွင့်ပွဲအထိမ်းအမှတ် IT & Mobile Show ၌ ဝင်ရောက်ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Concordia Int'l Co.,Ltd. မှ တင်သွင်းဖြန့်ချိသော Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာပရင်တာများ၊ မိတ္တူကူးစက်များ၊ Toner Cartridge များ၊ Digital Camera ပါဝင်သော နောက်ဆုံးပေါ်နည်းပညာ Garmin အမှတ်တံဆိပ် Oregon GPS များ၊ ရေကြောင်းသုံး GPS များ၊ လေကြောင်းသုံး GPS များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး GPS များကို ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်သည်။

အဟောင်းပေး အသစ်ယူ

ICT Exhibition ပြပွဲတွင် ပစ္စည်းမရလိုက်သူများအတွက် Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာပရင်တာများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည့်အပြင် Model အမျိုးအစားမှာ Docuprint C525A နှင့် DPC 110/B အမျိုးအစားဖြစ်ကြောင်း၊ ၄င်းမော်ဒယ်အမျိုးအစား သုံးစွဲနေသော Customer များအတွက်လည်း ကာလာ Toner Cartridge များကို ၃၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ကာလာ Toner (Third Party) သုံးစွဲမိ၍ Print Out Quality မကောင်း၍ စိတ်တိုင်းမကျ ဖြစ်နေသူများအတွက် အဟောင်းပေး အသစ်ယူ အစီအစဉ်တစ်ရပ်ကိုလည်း ထည့်သွင်း၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Garmin အမှတ်တံဆိပ် GPS များထဲတွင် နောက်ဆုံးရောက်ရှိလာသည့် Oregon 550 သည် GPS နှင့် ကင်မရာပေါင်းစပ်ထားသောနည်းစနစ် ပါဝင်သည့်အတွက် ဓာတ်ပုံရိုက်ကူးပါက ၄င်းအရာဝတ္ထု၏ တည်နေရာကို အလိုအလျောက်သိရှိနိုင်မည့်အပြင် GPS ထဲသို့ Google Earth မှ ဂြိုဟ်တုမြေပုံများကို မိမိကိုယ်တိုင် ထည့်သွင်းနိုင်သည်။ GPS Map 76 သည်လည်း မြန်မာဘာသာစကားဖြင့် အသုံးပြုနိုင်သည့်အပြင် (၁ လက်မ ၁ မိုင်) မြေပုံအညွှန်းကို ကိုယ်တိုင် ဖတ်ရှုနိုင်ခြင်း၊ UTM တိုက်ရိုက် ဖတ်ရှုနိုင်ခြင်းစသည့် နည်းစနစ်များ ပါဝင်သည်။

ဝယ်ယူနိုင်

ဆက်သွယ်ဝယ်ယူလိုပါက ရွှေဂုံပလာ ၈ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၀၉-၅၀-၀၅၉၁၂၊ ဖက်စ် - ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀-၆၇၁၇၂၊ နေပြည်တော်တွင် အမှတ် ၁၁၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ပြည်သူများ၏ လူမှုဘဝကို မြှင့်တင်ပေးမည့်
ခရိုင်ချင်းဆက်လမ်းများ ပေါ်ထွန်းလာပြီ

သတင်းခရီးသည် - မြင့်မောင်စိုး　　ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)　　စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၅

တပ်မတော်အစိုးရလက်ထက်မတိုင်မီက မော်တော်ကားလမ်း မပေါက်၍ သွားလာရေးခက်ခဲကာ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသော ကျေးလက်ဒေသ အများအပြားရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသတစ်ခုချင်းစီ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတစ်ဝန်း လမ်းနှင့် တံတားများ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပေပြီ။

"ပေါင်းတည်မြို့နယ် စည်ပင်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁)မှာ ၂၃ မိုင်နဲ့ ၂ ဖာလုံ ဖောက်လုပ်ရပါတယ်"

ဦးဝင်းမော်
ပေါင်းတည်မြို့နယ်
စည်ပင်အမှုဆောင်အရာရှိ။

ဤသို့ လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက် ဖောက်လုပ်ပေးခဲ့ရာတွင် ကျေးလက်ဒေသနေပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေပြီး ကျေးလက်ဒေသနေပြည်သူများ၏လူမှုဘဝကို မြှင့်တင်ပေးနိုင်မည့် ခရိုင်ချင်းဆက် လမ်းမကြီးများကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပေပြီ။ ယင်းခရိုင်ချင်းဆက် လမ်းမကြီးများမှာ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)နှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တို့ ဖြစ်သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းများမှ ကတ္တရာလမ်းများအဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သော လမ်းပိုင်းများ မကြာမီက (၆၅)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်း စကားအင်းအပိုင်းမှစတင်၍ မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) တို့ကို ဖြတ်သန်းပြီး ရန်ကုန်တိုင်း အမှတ်(၃)လမ်းဆုံအထိ လမ်းအရှည် မိုင် ၄၀၀ နှင့် ၁ ဖာလုံရှိသည်။

ယင်းခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်ပြီး မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့က ဖောက်လုပ်ပြီးစီးခဲ့သည့် ကတ္တရာလမ်း ၈၃မိုင်၂ဖာလုံလမ်းဖွင့်ပွဲကို မတ်၂၂ရက်က ကျင်းပခဲ့သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်၍ မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ယနေ့အထိ မန္တလေးတိုင်းအတွင်း ကတ္တရာလမ်း ၈၃ မိုင်၂ဖာလုံ၊ မကွေးတိုင်းအတွင်း ကတ္တရာလမ်း ၇၅ မိုင် ၃ ဖာလုံ၊ ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်း ကတ္တရာလမ်း ၃၆ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း ၉၁ မိုင် ၁ ဖာလုံ၊ ရန်ကုန်တိုင်းအတွင်း ကျောက်ချောလမ်းမိုင် ၄၀ စုစုပေါင်း ကတ္တရာလမ်း ၁၉၅ မိုင် ၄ ဖာလုံနှင့် ကျောက်ချောလမ်း ၁၃၁မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့အလင်း သတင်းခရီးသည်များသည် ၂၀၀၉ခုနှစ် နှစ်ကုန်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများရေးသားရန် ရောက်ရှိခဲ့ရာ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်ပြီးစီးနေမှုကိုလည်း သွားရောက်လေ့လာခဲ့သည်။

"ကျွန်တော်တို့ ပေါင်းတည်မြို့နယ် စည်ပင်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁)မှာ ၂၃ မိုင်နဲ့ ၂ ဖာလုံ ဖောက်လုပ်ရပါတယ်"ဟု ပေါင်းတည်မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းမော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။ ထို့အတူ ဇီးကုန်းမြို့နယ်အတွင်း၌လည်း ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ထားမှုကို တွေ့ရသည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၊ ကျေးရွာ ၂၀၊ မကွေးတိုင်း အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ကျေးရွာ ၃၁ ရွာ၊ ပဲခူးတိုင်းအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၊ ကျေးရွာ ၅၅ ရွာ၊ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်နှစ်မြို့နယ်၊ ကျေးရွာ ၁၉ ရွာတို့ကို ဖြတ်သန်း ဖောက်လုပ်ထားခြင်းဖြစ်သည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂)

အလားတူ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကိုလည်း (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်ပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ခဲ့ရာ ပြီးစီးသွားသည့် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) နေပြည်တော်တပ်ကုန်းမြို့နယ် ကင်းသာလမ်းဆုံမှ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအထိ ကတ္တရာလမ်း ၁၁၃မိုင် ၇ဖာလုံ လမ်းပိုင်းကို မတ်၂၁ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှ မန္တလေးလမ်းပိုင်းကို ၂၀၀၃- ၂၀၀၄ ခုနှစ်မှ စတင်၍ လည်းကောင်း၊ ပဲခူးတိုင်း လမ်းပိုင်းကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်၍ လည်းကောင်း၊ မြေသားလမ်းများ စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့အထိ စုစုပေါင်း ကတ္တရာလမ်း ၁၄၇ မိုင်၊ ကျောက်ချောလမ်း ၇၀မိုင် ၃ဖာလုံ ဖောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မွန်ပြည်နယ် အပိုင်းကိုလည်း ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မူလကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် ၃၆မိုင် ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

"ဇီးကုန်းမြို့နယ် စည်ပင်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁)မှာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ"

ဦးရဲလတ်
ဇီးကုန်းမြို့နယ်
စည်ပင်အမှုဆောင်အရာရှိ။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို မန္တလေးတိုင်းအတွင်း ပါဝင်သော ၁၃၁ မိုင် ၆ ဖာလုံအနက်မှ နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာလမ်းခွဲမှ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် ကျေးရွာအထိ ကတ္တရာလမ်း ၁၁၃ မိုင် ၇ ဖာလုံကို စည်ပင်သာယာရေးဦးစီးဌာန မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခုနစ်ဖွဲ့မှ အင်ဂျင်နီယာစုဖွဲ့မှု ၂၂ဖွဲ့ဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဤသို့ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို ဖောက်လုပ်ပေးနိုင်ခဲ့မှုကြောင့် မန္တလေးတိုင်းအတွင်းရှိ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းခရိုင်နှင့် နေပြည်တော်တပ်ကုန်း၊ နေပြည်တော်ပျဉ်းမနား၊နေပြည်တော်လယ်ဝေး၁၁မြို့နယ် အတွင်းရှိ ကျေးရွာ ၆၃ရွာကို ဖြတ်သန်း ဖောက်လုပ်ခဲ့၍ ကျေးလက်နေပြည်သူများအား အကျိုးပြုသော လမ်းအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၃)

ထို့အတူ ခရိုင်ချင်းဆက်လမ်းအမှတ်(၃)ကိုလည်း(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်ပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ခဲ့သည့် စစ်ကိုင်းတိုင်း ခရိုင်ချင်းဆက် လမ်းအမှတ်(၃) ကျောက်ချောလမ်း ၃၅မိုင် ၃ဖာလုံလမ်းကို မတ် ၂၁ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)သည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားအထိ စုစုပေါင်း လမ်းအရှည် ၃၃၉မိုင် ၇ဖာလုံ ရှိရာ စစ်ကိုင်းတိုင်းအတွင်း ၂၂၀ မိုင် ၆ ဖာလုံ၊ ကချင်ပြည်နယ်အတွင်း ၁၀၂ မိုင် ၆ ဖာလုံရှိသည်။

ယင်းခရိုင်ချင်းဆက်လမ်း အမှတ်(၃)ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း မိုင် ၇၀ ၃ဖာလုံကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် လမ်းပိုင်းသည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားအနီးမှ ဝက်လက်မြို့နယ် ရှိမ္ဘကားရွာကိုဖြတ်ပြီး ဆည်ရွာအထိ စုစုပေါင်း ၃၅ မိုင် ၃ ဖာလုံကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များက အင်ဂျင်နီယာခုနစ်ဖွဲ့ဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း အဖြစ် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ဤသို့ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပေးနိုင်သည့်အတွက် စစ်ကိုင်းတိုင်းအတွင်းရှိ စကျင်၊ တောင်ရင်း၊ ဆည်လေးတော ကျေးရွာအပါအဝင် ကျေးရွာ ၄၇ရွာနှင့် ဝက်လက်မြို့နယ် အတွင်းရှိ တပ်ရွာ၊ တမာကန်၊ ရှိမ္ဘကား၊ ဆည်တော ကျေးရွာအပါအဝင် ကျေးရွာ ၅၀တို့မှ ပြည်သူများ ရာသီမရွေး သွားလာ အသုံးပြုနိုင်တော့မည်ဖြစ်၍ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်က ဆောင်ရွက်ထားသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်းကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၂၅

ချင်းရွှေဟော်၌ ရော်ဘာကုန်ချောထုတ်လုပ်မှုဆိုင်ရာဆွေးနွေး

လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မြို့နယ်မန်နေဂျာရုံး၌ အဆင့်မြင့်ရော်ဘာကုန်ချောထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၇ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်ငွေးက ဆွေးနွေးပွဲနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး စည်းဝေး

နွားထိုးကြီးမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်စုပေါင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်မျိုး၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ အဖွဲ့ဝင်ဒုတိယ ရဲမှူးသန်းဝင်း၊ ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

(ဝ၉၂)

စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ စည်းဝေး

နေပြည်တော်ပျဉ်းမနား စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၁၅ရက် နံနက် ၁၀နာရီက မြို့မဈေးကြီးအပေါ်ထပ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ရုံးခန်း၌ကျင်းပရာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစောလင်းက အမှာစကားပြောကြားသည်။

(ဝ၈၄)

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ရမည်းသင်း၌ပညာပေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပွဲကို မတ် ၁၈ရက် နံနက် ၉နာရီက ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(၁၆၉)

ဖန်းမော် ပိုလ်ချုပ်လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်း

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၇ရက်က မြို့တွင်းအဓိက အချက်အချာကျသည့် ဗိုလ်ချုပ်လမ်းမကြီး ဝဲ၊ယာတစ်လျှောက် အဖွဲ့သန့်ရှင်းရေး ဝန်ထမ်းများဖြင့် အထူးသန့်ရှင်းရေးဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး(သန့်) ဦးကျော်ကျော်ခိုင် ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

မြို့သန့်ရှင်းသာယာလှပရေး ထန်တလန်၌ဆောင်ရွက်

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးအိတ်သွင်း ပျိုးထောင်ခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီး၌ ကျေးလက်စက်ရေတွင်း တူးဖော်

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လျာထား၍ ကန်ကြီးကုန်းအုပ်စု မင်းရွာကျေးရွာတွင် အကျယ်နှစ်ပေနှင့် အနက် ပေ ၄၀၀ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကုန်ကျငွေကျပ် ၂၆၂၀၀၀၀ဖြင့် ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၈ရက်က အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

သရက်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

သရက်မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မြို့တွင်းရပ်ကွက်များတွင် ပြုလုပ်ထားရှိသော မီးသတ် ရေဘားများ ခိုင်ခံ့မှု ရှိ၊မရှိကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းတင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းတို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၉ရက်က လိုက်လံစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ပေးသည်။

(ခရိုင် ပြန်/ဆက်)

အခြေခံစာကြည့်တိုက်ပညာသင်တန်း ကျိုင်းတုံ၌ဖွင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် World Vision (Myanmar) ကျိုင်းတုံတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ ရက်တိုသင်တန်း (၁/၂၀၁၀)ကို မတ် ၁၅ရက်နှင့် ၁၆ရက်က ကျိုင်းတုံမြို့နယ် ပွေခါး(လားဟူ)ကျေးရွာ၌ ကျင်းပခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး မြင်းမူ၌ဆောင်ရွက်

မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးသည် ဝန်ထမ်းများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီက မြင်းမူမြို့နယ် မုဲးဝရွာထောင်ကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာရှိ စာပေဝါသနာရှင်များနှင့် တွေ့ဆုံ ဆွေးနွေးကြသည်။ ။

(မြို့နယ် ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးလုပ်ငန်းသုံး စက်အရန်ပစ္စည်းများ ဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးလုပ်ငန်းသုံး စက်အရန်ပစ္စည်းများ ဝယ်ယူလိုပါသည်-

(1) Newsprint Paper(48.8 Gsm)	
(28¼", 30", 34",40")	3040 MTs
(2) Woodfree Paper(Reel)(80 Gsm)	
(a) 28¼"	70 MTs
(b) 30"	300 MTs
(3) Art Card	
(a) 31"x 43 " (260 gsm)	13 MTs
(4) Web Offset Ink	
(a) Black	10000 Kgs
(b) Yellow	1000 Kgs
(c) Magenta	3000 Kgs
(d) Cyan	1213 Kgs
(5) Sheetfed Offset Ink	
(a) Black	800 Kgs
(b) Yellow	700 Kgs
(c) Green	600 Kgs
(6) Films & Chemicals	
(a) Ortho Film Fixer(5 Lit)	40 Bots
(7) Imagesetter Films	
(a) 610mm x 60 m	20 Rolls
(b) Fixer (5 Lit/Bot)	17 Bots
(c) 16"(60m) KATANA	20 Rolls
(d) 22"(60m) KATANA	20 Rolls
(e) 18"(60 m) KATANA	20 Rolls
(f) Developer (5 Lit)	26 Bots
(g) Fixer (5 Lit/Bot)	12 Bots
(8) Plate & Chemicals	
(a) Negative Plate	
(1) 915x626x0.3mm	925 Shts
(2) 1035 x 740 x 0.3mm	250 Shts
(3) 889x609 x 0.3mm	5520 Shts
(b) Positive Plate	
(1) 635 x 745 x0.3mm	600 Shts
(9) Gum Solution	70 Lits
(10) Fountain Solution	50 Lits
(11) Plate Cleaner	50 Lits
(12) Gum Arabic	80 Lits
(13) Stitching Wire	
(a) 24 Guage	1500 Coils
(14) ပုံနှိပ်ရေးပစ္စည်းများ	
(a) Rubber Blanket	
(1) 684 x 883 x 1.9mm	15 Shts
(2) 995 x 835 x 1.9mm	15 Shts
(3) 889 x 626 x 1.75mm	55 Shts
(4) 785 x 740 x 1.9 mm	30 Shts
(5) 915 x 635 x 1.9 mm	70 Shts
(6) 600x910 x 1.9 mm with Bar	60 Shts
(7) 650 x 665 x 1.95 mm	25 Shts
(b) Dampaning Roller Hose	
(1) 4¼"(25m)	10 Rolls
(2) 3¾"(25m)	15 Rolls
(3) 3"(25m)	10 Rolls
(4) 180 mm (30m)	10 Rolls
(5) 220mm (30m)	10 Rolls
(15) စက်အရန်ပစ္စည်းများ	(၃၃) မျိုး

၂။ တင်ဒါပေးသွင်းမှုကို ၂၃-၄-၂၀၁၀ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သားငယ်လေး မောင်ကျော်တေဇမျိုး (Yu Jin Shipping co., Ltd., Busan, Korea)၏ ၂၆-၃-၂၀၁၀ရက်တွင် ပြည့်မြောက်သော (၂၂)နှစ်မြောက် မွေးနေ့မှသည် နှစ်၁၂၀ တိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်အောင်မြင်မှုများ ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်-

ဖေဖေ - ဗိုလ်ကြီးကျော်ရှိန်(ငြိမ်း)-မေမေ ဒေါ်ခင်နှင်းဝေ
ကိုကိုကြီး - ကျော်မျိုးဦး
မမကြီး - ခင်အိအိရှိန်
မမလေး - ဗိုလ်ကြီးကျော်စွာထွန်း-မအေးသန္တာကျော်။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက္ကူ၊ မင်နှင့် ပုံနှိပ်ပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူလိုပါသည်-

(1)	Newsprint Paper(48.8Gsm)(30")	3000	Tons
(2)	Web Offset Ink(Black)	45000	Kgs
	Web Offset Ink(Cyan)	1000	Kgs
	Web Offset Ink(Magenta)	1000	Kgs
	Web Offset Ink(Yellow)	1000	Kgs
(3)	Sheetfed Offset Ink(Black)	4500	Kgs
(4)	P.S negative plate(915x626x0.3)mm	1000	Shts
	P.S negative plate(889x586x0.3)mm`	5000	Shts
	P.S negative plate(889x609x0.3)mm	1000	Shts
(5)	P.S Negative Developer	600	Liters
(6)	Coating A+B Set	250	Sets
(7)	Developing Lacquer	250	Liters
(8)	Ortho Film (Sheet) (22"x32")(50 Shts/Box)	240	Boxes
(9)	Film Developer(5Lit/Box)`	50	Boxes
(10)	Film Fixer(5 Lit/Box)	50	Boxes
(11)	A3 Toner Hp Laser Jet 5000N	60	Boxes
(12)	A3 Toner Hp Laser Jet 5200N	150	Boxes
(13)	Rubber Blanket with T-Bar(890x625x1.95)mm	100	Shts
(14)	Stencil Paper(48Sht/Box)	300	Boxes
(15)	Duplicating Ink Tube	300	Boxes
(16)	နေပြည်တော် (Imagesetter)		
	(a) Film(76.8 cm x 61 m)	100	Rolls
	(b) Developer	300	Liters
	(c) Fixer	300	Liters
(17)	ရန်ကုန် (Imagesetter)		
	(a) Film (61 cm x 60 m)	100	Rolls
	(b) Developer	300	Liters
	(c) Fixer	300	Liters
(18)	CTP Machine(Kodak)		
	(a) Thermal Plate (889 x 609 x 0.30)mm	3000	Shts
	(b) Developer(20 Lit/Box)	30	Boxes
(19)	CTP Machine(Fuji)		
	(a) Thermal Plate(889 x 609 x 0.30)mm	3000	Shts
	(b) Developer	600	Liters
	(c) Replenisher	600	Liters
	(d) Gum	180	Liters
(20)	Fountain Solution	720	Liters
(21)	Gum Arabic	400	Liters

၂။ တင်ဒါပေးသွင်းမှုကို ၂၃-၄-၂၀၁၀ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယို ဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်း ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို တိပ်ခွေတွင် ကပ်ထားရမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ ဆင်ဆာလက်မှတ် အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၃၂ အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ကူးယူခြင်းလုပ်ငန်း၊ ဗီဒီယို ကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာ လက်မှတ်အသေးများ ကပ်ထားရန် သို့မဟုတ် ဗီဒီယိုဆင်ဆာ လက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေး နှိုးဆော်အပ်ပါသည်။

ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၊
ဗီဒီယိုဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

သထုံမြို့နယ် မရမ်းကုန်း အထက(ခွဲ)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၅

သထုံမြို့နယ် မရမ်းကုန်းကျေးရွာ အထက(ခွဲ)တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အသက်(၆၀)အထက် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် မရမ်းကုန်း အထက(ခွဲ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်၊ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးထွန်းဝင်း ဖုန်း-၀၉-၈၇-၂၀၄၆၇၊ ဦးဘမြင့်ဦး ဖုန်း-၀၉-၈၇-၂၀၄၆၉၊ ဦးမျိုးမြင့် ဖုန်း-၀၅၇-၆၉၆၈၅၊ ဦးကျော်မြင့် ဖုန်း-၀၉-၈၇-၀၃၄၉၅နှင့် ဦးပြေသိန်း ဖုန်း-၀၉-၈၇-၂၁၁၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ အလုံမြို့နယ် ကျောင်းလမ်းနေ ဒေါက်တာအောင်သူ-ဒေါက်တာငြိမ်းအိဖြူ(မင်္ဂလာဦးအထိမ်းအမှတ်)အတွက် တစ်နေ့လုံးစာ အထူးအာဟာရနှင့် ဆွမ်းပဒေသာပင် ငွေကျပ် ငါးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၅

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေး၌ ၂၀၀၉ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းသားများ၏ ရင်သွေးများအား ပညာရည်ချွန်ဆုချီးမြှင့်ရေးနှင့် အသက်(၈၀)နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲပြုလုပ်ရေးများ ပါဝင်မည်ဖြစ်ရာ စေတနာရှင် အလှူရှင်များအနေဖြင့် ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း) (ဥက္ကဋ္ဌ) ဖုန်း-၆၉၅၆၄၂၊ ဦးမောင်လှ ဖုန်း-၅၀၀၄၉၆၊ ဦးမောင်ငြိမ်း(အတွင်းရေးမှူး) ဖုန်း-၆၉၅၉၇၀နှင့် ဦးတင်အောင် ဖုန်း-၅၆၁၇၇၁တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် မြို့သစ်မြို့နယ်(ရန်ကုန်) အသင်းသားများ၊ မြို့သစ်မြို့နယ် ဇာတိဖွားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

တပ်မတော်နေ့ဂုဏ်ပြု ကျောက်ချောလမ်းဖွင့်

တမူး မတ် ၂၅

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တမူးခရိုင် ခမ်းပါတ်မြို့နယ် ကနန်ကျေးရွာနှင့် တိန်းကယားကျေးရွာအကြား အမာခံ ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၀ရက် နံနက် ၁၀နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အမှာစကားပြောကြားပြီး ကနန်ကျေးရွာမှ ရပ်မိရပ်ဖ ဦးရင်လုံနာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အမာခံကျောက်ချောလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၊ ခမ်းပါတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရှိန်းအောင်နှင့် ကနန်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးရိထန်းပွီးယာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ဆိပ်ကမ်းသာမြေထိန်းနံရံတွင် အောက်ခံခုံတုံး၊ လက်ရန်းတိုင်များအား ပြုလုပ်နေမှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့အတွက် မိုးလေဝသ

ကျော်လွင်ဦး (မိုး/ဇလ)

နှစ်စဉ် မတ်လ ၂၃ရက်နေ့သည် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် အဖွဲ့ဝင် ၁၈၉နိုင်ငံမှ အမျိုးသားမိုးလေဝသ ဗဟိုဌာနများသည် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားကို ခမ်းခမ်းနားနားဂုဏ်ယူစွာ ဆင်ယင်ကျင်းပကြသည်။ နှစ်စဉ်ကျင်းပသော ကမ္ဘာ့မိုးလေဝသနေ့တွင် လက်ရှိဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေများကို ဦးတည်ထင်ဟပ်စေသော ဆောင်ပုဒ်တစ်ခုသတ်မှတ်၍ ကျင်းပခဲ့သည်မှာလည်း အစဉ်အလာတစ်ခုပင်ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့မိုးလေဝသနေ့အတွက် ရွေးချယ်ထားသောဆောင်ပုဒ်မှာ 60 Years of Services for Your Safety and Well-being (လုံခြုံစိတ်ချ ပြည်သူ့ဘဝ၊ ဝန်ဆောင်ထာဝရ မိုးလေဝသ) ဖြစ်ပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကမ္ဘာတစ်ဝန်းရှိ သိပ္ပံဆိုင်ရာအဖွဲ့အစည်းများသည် ကမ္ဘာသူ၊ ကမ္ဘာသားတို့ ဘေးကင်းလုံခြုံမှု၊ သက်သောင့်သက်သာရှိစေမှုအတွက် မိုးလေဝသလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေရာ မိုးလေဝသ၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေကြောင့်ဖြစ်သော ဘေးဒုက္ခများကို ကြိုတင်ကာကွယ်ခြင်းနှင့် လျော့ပါးအောင်ဆောင်ရွက်နေချိန်လည်းဖြစ်၍ သင့်လျော်လိုက်ဖက်မှုရှိပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်သည် ၁၉၅၀ပြည့်နှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ရာ ယခု ၂၀၁၀ခုနှစ်တွင် နှစ်ပေါင်း ၆၀သက်တမ်းရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အဓိကလုပ်ငန်း ဆောင်ရွက်ချက်များ အနေဖြင့် ဆိုးရွားသော မိုးလေဝသအခြေအနေများ၊ လွန်ကဲရာသီဥတု ဖြစ်စဉ်များအတွက် ထိရောက်သော ကြိုတင်သတိပေးချက်များ ထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထုအတွက် ပညာပေးရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတိရှိရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများ ပူးပေါင်းဆောင်ရွက်ရေးနှင့် သင့်လျော်လိုက်ဖက်မည့် သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ကြိုတင်သတိပေးချက်များနှင့် သတင်းပေးပို့မှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ပြည်သူလူထုအတွက် ဝန်ဆောင်မှုစွမ်းဆောင်ရည် မြင့်မားအောင် တိုးမြှင့်ဆောင်ရွက်ရေး၊ မိုးလေဝသ၊ ရာသီဥတုပညာရပ်များနှင့် ဆက်စပ်သော သိပ္ပံဆိုင်ရာ အသုံးချမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မိုးလေဝသလုပ်ငန်းများအား လူမှုစီးပွားဆိုင်ရာအမြင်များဖြင့် အစဉ်ကောင်းမွန် တိုးတက်နေအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများအား ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

ပြည်သူ့အတွက် မိုးလေဝသလုပ်ငန်းများ

မြန်မာနိုင်ငံတွင်လည်း ပြည်သူ့အကျိုးပြု မိုးလေဝသလုပ်ငန်းများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိုးလေဝသအခြေအနေများကို နေ့ညမပြတ် အချိန်ပြည့်လေ့လာစောင့်ကြည့်လျက် နေ့စဉ်မိုးလေဝသခန့်မှန်းချက်များ၊ ရက်လတ်/ရက်ရှည် မိုးလေဝသခန့်မှန်းချက်များ၊ လေကြောင်း၊ ရေကြောင်းသွားလာရေးအတွက် မိုးလေဝသခန့်မှန်းချက်များ၊ သတင်းမီဒီယာ မိုးလေဝသလုပ်ငန်းများ၊ ကြိုတင်သတိပေးချက်များနှင့် သတင်းများကို အချိန်မီထုတ်ပြန်၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မိုးလေဝသခန့်မှန်းချက်၊ သတိပေးချက်များ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော အချက်အလက်များတွင် ထူးခြားမိုးလေဝသသတင်း၊ မုန်တိုင်းသတင်း၊ မုန်တိုင်းသတိပေးချက်၊ မုန်တိုင်းဒီရေတက်ရောက်မည့်သတိပေးချက်၊ မုန်တိုင်းဆိုင်ရာအကြံပြုချက်၊ မိုးနည်းမည့်သတိပေးချက်၊ အချိန်အခါမဟုတ် မိုးရွာမည့်သတိပေးချက်၊ လေပြင်းတိုက်ခတ်မည့်သတိပေးချက်၊ ဆိပ်ကမ်းများသို့ မိုးလေဝသ သတိပေးချက်၊ လေယာဉ်ကွင်းများသို့ မိုးလေဝသ သတိပေးချက်၊ မြူထူဆိုင်းမည့် သတိပေးချက်များပါဝင်ပြီး နေ့စဉ်မိုးလေဝသခန့်မှန်းချက်များတွင် ဘင်္ဂလားပင်လယ်အော်၌ လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေ၊ မုတ်သုံလေအင်အားအခြေအနေ၊ ပြည်နယ်နှင့်တိုင်းများအလိုက် မိုးရွာသွန်းနိုင်မှု ပျံ့နှံ့ချက်၊ အင်အားပမာဏ၊ မိုးကြီးနိုင်မည့်ဒေသ စသည်တို့ ပါဝင်ပါသည်။

ရာသီအကူးအပြောင်းကာလများနှင့် မိုးကြို၊ မိုးဦးကာလများအတွင်း အများအားဖြင့် ဖြစ်ပေါ်တတ်သော ဆိုးရွားသည့် မိုးလေဝသအခြေအနေများမှာ အနောက် လေပွေလှိုင်းများ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်တတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်တတ်ခြင်းတို့ဖြစ်သည်။ ဒေသအလိုက်ဖြစ်ပေါ်တတ်သည့် မိုးကြိုးမုန်တိုင်းများ (Thunderstorms) များမှာ အပူပြန်တက်ဖြစ်စဉ် (Convection) အလွန်အားကောင်းခြင်းကြောင့် ရေငွေ့အလုံအလောက်ရရှိသည့်အခါ တိမ်အမျိုးအစားများတွင် အကြီးဆုံး၊ အမြင့်ဆုံးဖြစ်သော မိုးတိမ်တောင်(Cumulonimbus) ကြီးများဖြစ်ပေါ်လျက် မိုးထစ်ချုန်းသံကြားခြင်း(Thunder)၊ လျှပ်စီးလက်ခြင်း (Lightning)၊ မိုးသီးကြွေခြင်း(Hail)၊ စိုက်ဆင်းလေပြင်း (Downburst) များ တိုက်ခတ်ခြင်း၊ လေဆင်နှာမောင်း (Tornado)ကျရောက်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များသည် မိုးတိမ်တောင်၏ အင်အားနှင့် အရွယ်အစားပေါ် မူတည်၍ ဖော်ပြပါ မိုးလေဝသ ဖြစ်စဉ်တစ်ခုချင်းသော်လည်းကောင်း၊ ဒွန်တွဲ၍ သော်လည်းကောင်း မွန်းလွဲ၊ ညနေပိုင်းတို့တွင် အများဆုံး ဖြစ်ပေါ်တတ်ပါသည်။ မိုးကြိုးမုန်တိုင်းများသည် နာရီအနည်းငယ်သာ အချိန်တိုဖြစ်တတ်သော်လည်း အထူးသဖြင့် လေကြောင်း၊ ရေကြောင်းခရီးသွားလာရေးအတွက် အနှောင့်အယှက် ကင်းဝေးစေရန် နေ့စဉ်မိုးလေဝသသတင်းများကို ပုံမှန်သတိပြုနားထောင်ခြင်းဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ပါသည်။

အခြားမိုးလေဝသအခြေအနေမှာ ဧပြီလ၊ မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်လေ့ရှိတတ်ရာ ယင်းမုန်တိုင်းများမှာ အများအားဖြင့် သက်တမ်းငါးရက်၊ ခြောက်ရက်ခန့်သာရှိပြီး မိုးကြို၊ မိုးဦးကာလဖြစ်၍ အပူစွမ်းအင်များစွာရရှိ၍ အင်အားပြင်းထန်တတ်ပါသည်။ မုန်တိုင်းများ ကမ်းခြေဝင်ရောက်သည့်အခါ မိုးသည်းထန်ခြင်း (Torrential Rain)၊ ပြင်းထန်သော လေပြင်းများ (Violent Wind) တိုက်ခတ်ခြင်းနှင့် ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဝင်ရောက်သည့်ဒေသ၏ ညာဘက်တွင် မုန်တိုင်းဒီရေ (Storm Surge) တက်ရောက်ပါသည်။ မုန်တိုင်းကြောင့် မြေပြင်လေဖိအား ကွာခြားမှုများပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် မိုးသက်လေပြင်းများကျရောက်ပြီး အခြေအနေ၊ ပြင်းအားနှင့် အချိန်ကာလများအလိုက် **"တစ်ခါတစ်ရံ"**၊ **"ရံဖန်ရံခါ"**၊ **"မကြာခဏ"** ဟူ၍ ထုတ်ပြန်ပေးပါသည်။ မုန်တိုင်းခန့်မှန်းရေးလုပ်ငန်းသည် ခေတ်မီတိုးတက်သော နိုင်ငံများ၌ပင် စိန်ခေါ်မှုများရှိနေဆဲပင်ဖြစ်ပြီး မုန်တိုင်းများ၏ စရိုက်လက္ခဏာမှာလည်း ရာသီအလိုက်၊ ပတ်ဝန်းကျင်အခြေအနေအလိုက် တစ်ကြိမ်နှင့်တစ်ကြိမ် တူညီမှုမရှိသည်ကိုလည်း တွေ့နေရသည်။ သို့သော် မုန်တိုင်းနှင့် မုန်တိုင်းဒီရေ ခန့်မှန်းရေးနည်းပညာ တိုးချဲ့အသုံးပြုလျက် မုန်တိုင်းဖြစ်ပေါ်မှုကို အလေးထားစောင့်ကြည့်လျက်ရှိပြီး မုန်တိုင်းဖြစ်ပေါ်ပါက **"မုန်တိုင်း ဘယ်မှာရှိနေသည်"**၊ **"မုန်တိုင်း အင်အားဘယ်လောက်ရှိသည်"**၊ **"မုန်တိုင်းဘယ်ဒေသကို ဖြတ်ကျော်နိုင်သည်"**၊ **"မုန်တိုင်း ဘယ်အချိန်တွင် ဖြတ်ကျော်နိုင်သည်"** စသည်တို့ကို မိုးလေဝသဌာနမှ အချိန်မီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ မိမိနေထိုင်ရာဒေသသို့ မုန်တိုင်းဖြတ်ကျော်မည်ဆိုပါက မုန်တိုင်းဦးတည်နေစဉ်၊ မုန်တိုင်းဖြတ်ကျော်နေစဉ်နှင့် မုန်တိုင်းဖြတ်ကျော်ပြီးချိန်များတွင် ဆောင်ရွက်ရမည့် အချက်များကို ဒေသအဖွဲ့အစည်းများ၏ ဦးဆောင်၊ အကြံပေးမှုအတိုင်းလိုက်နာ၊ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ သတင်းထုတ်ပြန်သူ၊ ဒေသခံပြည်သူများနှင့် စီမံခန့်ခွဲသူများ ဟန်ချက်ညီညီ၊ အချိန်ကိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပါက အထိအခိုက်၊ အပျက်အစီးများစွာ လျော့နည်းမည်ဖြစ်ပါသည်။

ရက်လတ်/ရက်ရှည် မိုးလေဝသခန့်မှန်းချက်များ

ရက်လတ်/ရက်ရှည် မိုးလေဝသခန့်မှန်းချက်များတွင် နိုင်ငံတော်စီမံကိန်းများအတွက် ခန့်မှန်းချက်၊ အထူးမိုးလေဝသခန့်မှန်းချက်များ၊ ၁၀ရက်ပတ်၊ လပတ် မိုးလေဝသခန့်မှန်းချက်များနှင့် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလခန့်မှန်းချက်များပါဝင်ပါသည်။ မိုးရာသီ ယေဘုယျခန့်မှန်းချက်များနှင့် မိုးဦးကာလ မိုးလေဝသခန့်မှန်းချက်ကို ဧပြီလ ၂၈ရက်နေ့တွင်လည်းကောင်း၊ မိုးလယ်ကာလ မိုးလေဝသခန့်မှန်းချက်ကို ဇွန်လ၂၈ရက်နေ့တွင် လည်းကောင်း၊ မိုးနှောင်းကာလ မိုးလေဝသခန့်မှန်းချက်ကို ဩဂုတ်လ ၂၈ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ပေးပါသည်။ ၁၀ရက်ပတ်နှင့် လပတ်မိုးလေဝသခန့်မှန်းချက်များကို လစဉ် ၈ရက်၊ ၁၈ရက်နှင့် ၂၈ရက်နေ့များတွင် ထုတ်ပြန်ပေးလျက်ရှိပြီး အဆိုပါခန့်မှန်းချက်များတွင် ဘင်္ဂလားပင်လယ်အော်အခြေအနေ၊ မုတ်သုံလေဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်း၊ မုတ်သုံလေအင်အား၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှု၊ နေ့အပူချိန်၊ ညအပူချိန် တိုင်းနှင့်ပြည်နယ်အလိုက် မိုးရွာသွန်းနိုင်မှု အခြေအနေခန့်မှန်းချက်များ ထုတ်ပြန်ပေးပါသည်။ ယင်းခန့်မှန်းချက်များကို အသုံးချ၍ ရေသယံဇာတ စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးသီးနှံ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများစသည်တို့အတွက် အလွန်အကျိုးပြုစေပါသည်။

ပို့ဆောင်ရေးအတွက် မိုးလေဝသလုပ်ငန်းများ

ရေကြောင်းသွားလာရေးအတွက် ခန့်မှန်းချက်များပေးရာတွင် မြန်မာ့ကမ်းရိုးတန်းအတွက် မိုးလေဝသခန့်မှန်းချက်နှင့် ဘင်္ဂလားပင်လယ်အော်အခြေအနေ သတင်းလွှာတို့ကို နံနက် ၁၀နာရီခွဲနှင့် မွန်းလွဲ ၁နာရီတို့တွင် ထုတ်ပြန်ပေးလျက် မိုးလေဝသအခြေအနေ၊ အဝေးမြင်တာ၊ မြေပြင်လေတိုက်ရာအရပ်၊ လေတိုက်နှုန်းနှင့် ပင်လယ်လှိုင်းအခြေအနေတို့ ပါဝင်ပါသည်။ လေကြောင်းပျံသန်းရေး အထောက်အကူပြု မိုးလေဝသလုပ်ငန်းများတွင် အထူးမိုးလေဝသခန့်မှန်းချက်၊ တပ်မတော် (လေ)အတွက် လေ့ကျင့်ရေး၊ စစ်ဆင်ရေးအတွက် မိုးလေဝသခန့်မှန်းချက်များ၊ ပြည်တွင်း/ ပြည်ပလေကြောင်း ခရီးစဉ်များအတွက် ခရီးစဉ်ခန့်မှန်းချက်များ၊ မြန်မာ့လေကြောင်းပိုင်နက်အတွင်း မိုးလေဝသအခြေအနေများ စောင့်ကြည့်ထုတ်ပြန်ခြင်း စသည်တို့ကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ၂၄နာရီအချိန်ပြည့် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

သတင်းမီဒီယာ မိုးလေဝသလုပ်ငန်းများ

နေ့စဉ် မိုးလေဝသခန့်မှန်းချက်များကို နည်းလမ်းအမျိုးမျိုးဖြင့် ခန့်မှန်းချက် အသုံးပြုသူ အဆင့်အတန်းအလွှာစုံသို့ အချိန်မီရောက်ရှိရန်အတွက် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV-3၊ MRTV-4၊ နေ့စဉ်ထုတ်အင်္ဂလိပ်၊ မြန်မာသတင်းစာများ၊ နေပြည်တော်မြန်မာ့အသံ၊ City FM ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ချယ်ရီ FM ရေဒီယိုများ၊ တယ်လီဖုန်း၊ ဖက်စ်၊ အင်တာနက်ဝက်ဘ်ဆိုက်စသည့် နိုင်ငံပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင်လည်း မိုးလေဝသ ရိုက်ကူးရေးစတူဒီယိုကို တည်ထောင်ထားရှိပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနများသို့ နေ့စဉ်ရိုက်ကူး ပေးပို့လျက်ရှိပါသည်။ ခန့်မှန်းချက်၊ သတိပေးချက်များကိုလည်း မိုး/ဇလ၏ www.dmh.gov.mm သို့ ဝင်ရောက်ဖတ်ရှုနိုင်ပြီဖြစ်ပါသည်။ အလားတူ မိုးလေဝသသတင်း အလိုအလျောက် ဖြေကြားသည့်စနစ်ကိုလည်း ဆောင်ရွက်ထားပြီး မည်သည့်ဒေသမှမဆို ခေါ်ယူနိုင်ကာ နောက်ဆုံးထုတ်ပြန်သော မိုးလေဝသအခြေအနေများကို မှတ်တမ်းတင်ထား၍ ဖုန်း-၀၆၇-၄၁၁၂၅၂၊ ၀၁-၆၆၇၇၆၆ တို့သို့ အချိန်မရွေး ဆက်သွယ် ခေါ်ယူနားဆင်နိုင်ပါသည်။ ကောလာဟလ သတင်းများနှင့် သံသယဖြစ်ဖွယ် မိုးလေဝသသတင်းများကို မယုံကြည်ရန်နှင့် ပြည်သူလူထုမှ ဖုန်း-၀၆၇-၄၁၁၂၅၁၊ ၄၁၁၂၅၃၊ ၄၁၁၂၅၀၊ ၀၁-၆၆၀၁၇၆၊ ၀၉-၈၆-၀၁၁၆၂ ဖုန်းများသို့ ဆက်သွယ်မေးမြန်း စုံစမ်းခြင်းဖြင့် နောက်ဆုံး မိုးလေဝသခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပါသည်။

မိုးလေဝသလုပ်ငန်းများ စွမ်းရည်မြှင့်တင်ရေး

အချိန်နှင့်လိုက်၍ တိုးတက်ပြောင်းလဲနေသော သတင်းဆက်သွယ်ရေးနည်းပညာခေတ်တွင် မိုးလေဝသခန့်မှန်းခြင်း လုပ်ငန်းများသည်လည်း ပြောင်းလဲလာနေပြီ ဖြစ်သည်။ လုပ်ငန်းစွမ်းရည် တိုးတက်မြင့်မားစေရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသာမက စက်ပစ္စည်း၊ ခေတ်မီနည်းပညာများ၊ ကိရိယာများ ပိုမိုအသုံးချရန် လိုအပ်လာပါသည်။ မိုးလေဝသလူငယ်မျိုးဆက်သစ် အများအပြားကို ပြည်ပနိုင်ငံများတွင် ဘွဲ့၊ ဒီပလိုမာများသွားရောက်လေ့ကျင့်သင်ကြားစေခြင်း၊ သင်တန်းဆရာများအား အဆင့်မြင့်သင်တန်းများ တက်ရောက်စေခြင်း၊ ရက်တို၊ ရက်လတ်၊ ရက်ရှည် မိုးလေဝသခန့်မှန်းခြင်း သင်တန်းများ တက်ရောက်စေခြင်း၊ မုန်တိုင်းခန့်မှန်းခြင်း၊ မုန်တိုင်းဒီရေတွက်ချက်ခန့်မှန်းခြင်း၊ ဂြိုဟ်တုမိုးလေဝသ လုပ်ငန်းခွင်သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ နိုင်ငံတော်မှ စဉ်ဆက်မပြတ် စေလွှတ်လျက် နိုင်ငံတကာအတွေ့အကြုံများ ဖလှယ်ရရှိနိုင်ခြင်း၊ တိုးတက်သောနည်းပညာများအား မျက်ခြည်မပြတ် လေ့လာနိုင်ပြီး နိုင်ငံတော်၊ ပြည်သူနှင့်ဌာနအကျိုးကို တက်တက်ကြွကြွ ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

ခေတ်မီဆက်သွယ်ရေးစနစ်များအသုံးပြုလျက် ကမ္ဘာတစ်ဝန်း မိုးလေဝသဌာနများနှင့် သတင်းအချက်အလက် အပြန်အလှန်ဖလှယ်နိုင်သည့် ကွန်ရက်စနစ်ကိုလည်း ထူထောင်ထားရှိပြီး မိုးလေဝသ သတင်းအချက်အလက်ပေါင်းများစွာ လက်ခံရရှိနေကာ ခန့်မှန်းရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် သဘာဝဘေးများအတွက် ကြိုတင်သတိပေးဗဟိုဌာန (Multi-Hazard Early Warning Centre) ကို နေပြည်တော်တွင် ထူထောင်ထားရှိလျက် ဆိုးရွားသော မိုးလေဝသ အခြေအနေများအတွက် ဘင်္ဂလားပင်လယ်အော်နှင့် အနီးပတ်ဝန်းကျင်ဒေသများကို အမြဲစောင့်ကြည့်နေပြီး ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ခန့်မှန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သုံးရက်မှ ငါးရက်အတွင်းဖြစ်နိုင်မည့် မိုးလေဝသအခြေအနေများကို ခေတ်မီ Software များ အသုံးပြုနေသည့်အပြင် မုန်တိုင်းဒီရေတွက်ချက်နိုင်သည့် နည်းပညာသစ်များဖြင့်လည်း မိုးလေဝသခန့်မှန်းရေးကို ဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ပံ့ပိုးမှုများဖြင့် မှန်ကန်ထိရောက်သော ခန့်မှန်းချက်များ ထုတ်ပြန်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ မိုးလေဝသဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ခေတ်မီ မိုးလေဝသခန့်မှန်းခြင်း နည်းစနစ်များ၊ သတင်းအချက်အလက်များနှင့် နည်းပညာအသစ်အဆန်းများကို ဘက်စုံအသုံးချလျက် အရည်အသွေးပြည့်ဝသော ပြည်သူ့အကျိုးပြု မိုးလေဝသလုပ်ငန်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် မရပ်မနား ဆက်လက်ဆောင်ရွက်နေမည်သာ ဖြစ်ပါကြောင်းနှင့် ၂၀၁၀ ခုနှစ် မတ်လ ၂၃ရက်နေ့က ကျရောက်ခဲ့သော **"ကမ္ဘာ့မိုးလေဝသနေ့"** ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်နှင့် နိုင်ငံတကာ မိုးလေဝသဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက် လျက် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ခေတ်မီ မိုးလေဝသခန့်မှန်းခြင်း နည်းစနစ်များ၊ သတင်းအချက်အလက်များနှင့် နည်းပညာအသစ်အဆန်းများကို ဘက်စုံအသုံးချလျက် အရည်အသွေး ပြည့်ဝသော ပြည်သူ့အကျိုးပြု မိုးလေဝသလုပ်ငန်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် မရပ်မနား ဆက်လက်ဆောင်ရွက်နေမည်။

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ မြင်သာဖလမ်း၊ အမှတ် ၆၈/၂ ဟု ခေါ်တွင်သော(ပေ၃၀×ပေ၅၀) အကျယ်ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသဖြင့် မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် (LL.B., D.B.L., D.M.L.)
အထက်တန်းရှေ့နေ
အမှတ်၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၀၄၉၉၊ ၀၉-၉၉၇၂၀၂၅။

ဖြူးဆရာတော်၏တပည့် မြိုင်ဆရာတော်တရားပွဲ

ဖြူးဆရာတော်၏တပည့် မြိုင်ဆရာတော် အရှင်ပညာဓောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် မတ် ၂၇ရက်တွင် တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း ဓမ္မသဘင်၊ ၂၈ရက်တွင် ရွှေပြည်သာမြို့နယ်၊ အောင်သုခဈေး ဓမ္မသဘင်၊ ၂၉ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ ညောင်ကံအေးကွင်းကျောင်း ဆည်းဆာနှင့် စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းဓမ္မသဘင်၊ ၃၁ရက်တွင် ရွှေပြည်သာမြို့နယ် ဓမ္မသဘင်၊ ဧပြီ ၃ရက်တွင် ပဲခူးတိုင်း၊ အုတ်တွင်းမြို့ ရှင်ပြုအလှူဓမ္မသဘင်၊ ၄ရက်မှ ၁၀ရက်အထိ စစ်ကိုင်းတိုင်း၊ ဖောင်းပြင်မြို့- ဟဲလှော်ရွာ ဓမ္မသဘင်နှင့် ၁၁ရက်တွင် ပဲခူးမြို့၊ ဟသ်ာကုန်းရပ်၊ ရှင်ပြုအလှူဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်သူများ ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ၊ အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၃၀၀၆၈၊ မြိုင်ဆရာတော်ဖုန်း-၀၉-၈၆၂၅၂၂၃၊ ၀၉-၅၀၄၇၇၆၁ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

တောင်သာမြို့နယ်အသင်း(ရန်ကုန်)

(၁၄)အုပ်မြောက် ထုတ်ဝေမည့် တောင်သာမြို့နယ် မဂ္ဂဇင်းအတွက် စာမူများ ပေးပို့လိုသော ကလောင်ရှင်များသည် မှတ်ပုံတင်နံပါတ်နှင့် လိပ်စာ အပြည့်အစုံ ပူးတွဲဖော်ပြလျက် ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၁ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာများသို့ပေးပို့ရန် ဖိတ်ခေါ်ကမ်းလှမ်းအပ်ပါသည်။

ဒေါက်တာ ခင်မောင်ဆွေ
အမှတ်၁၀၊ လမ်းဆက်လမ်း၊ တာမွေစာတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဦးသန်းအောင် အမှတ်၃၅၊ အိမ်ကြီးလမ်း၊ ရေကျော်ရပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဦးအောင်သောင်း အမှတ်၁၃၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဦးစိန်လှ အမှတ်(၃၅၄/၃၅၆)၊ အခန်း ၁၀၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မီးကို သတိမြဲထားရှိ
စောင့်ကြည့်နေပါ
သင့်ဝန်တာ

တောတိုက်ဓမ္မရိပ်သာ မဟာသင်္ကြန် (၁၀)ရက် အဓိဋ္ဌာန်

အထူးတရားစခန်းကျင်းပမည်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယကနိုင်ငံတော်သြဝါဒစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ ပရိယတ်၊ ပဋိပတ် သာသနာပြုအကျော် ကျေးဇူးတော်ရှင် သက်တော်ရှည် ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ဆရာတော်ကြီး ကိုယ်တိုင် ၁၂-၄-၂၀၁၀ရက်မှ ၂၁-၄-၂၀၁၀ရက်အထိ(၁၀)ရက်အဓိဋ္ဌာန် အထူးတရားစခန်းကို ဟောပြောပြသမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသောယောဂီများသည် ၁၁-၄-၂၀၁၀ရက် ညနေ ၃နာရီအရောက်လာကြရမည်။ယောဂီများသည်ညနေ၅နာရီအရောက် လာကြရမည်။လစဉ်ပုံမှန်ဖွင့်နေကျ ကဆုန်လ တရားစခန်းသည် မဟာသင်္ကြန် (၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲနှင့် တိုက်ဆိုင်နေပါသဖြင့် ကဆုန်လပြည့်ကျော် ၅ရက် (၂-၅-၂၀၁၀)ရက်သို့ ပြောင်းထားပါသည်။ တရားစခန်းဝင်လိုသော ယောဂီများသည်၁-၅-၂၀၁၀ရက် ညနေ ၅နာရီ အရောက်လာကြရပါမည်။ အသေးစိတ် သိလိုပါက ဖုန်း-၆၃၇၂၈၁၊ ၆၃၅၀၂၇၊ ၆၃၅၄၂၄တို့သို့ ဆက်သွယ်နိုင်ပါသည်။

ဘ၀အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကံမမြို့နယ် ကဒူးပြင်ကျေးရွာ၌ ကျင်းပ

ကံမ မတ် ၂၄

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ကဒူးပြင်ကျေးရွာ၌ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးလှသိန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စာဖတ်ခြင်းအကျိုးကျေးဇူးများကို ဆွေးနွေးကြသည်။

လက်ခံ

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သောင်းနှင့် လစဉ်ထုတ်သတင်းစာ ငါးလစာ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံအုပ် ၂၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဂျာနယ်မျိုးစုံ အစောင်၁၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ်မျိုးစုံအုပ် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ အုပ်စုဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးတင်ကြိုင်တို့က လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ၁၅ပေ၊ အနံ ၁၈ပေ၊ သွပ်မိုး၊ အုတ်နှင့် ထရံကပ်၊ သမံတလင်းခင်း အမျိုးအစားဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၁၁သိန်းကျော် ကုန်ကျခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၇) ရပ်ကွက် ဦးအောင်မြတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက်က အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ကျင်းပရာ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးမင်းမျိုးမြင့်နိုင်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ကျိုက်ထိုမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ကျိုက်ထို မတ် ၂၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် တာဝန်ယူဆောင်ရွက်ခဲ့သော ကံ့ကော်ရပ်ကွက် အောင်သပြေ(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက် နံနက်ရနာရီက အောင်သပြေ(၂)လမ်း မင်္ဂလာ မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အောင်သပြေ(၂) လမ်းကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာဦးမျိုးသူက ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးရွှေအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ လမ်းဖွင့်ပွဲ အထိမ်းအမှတ် တံဆိပ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တောက်ထွန်းထံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အောင်သပြေ(၂)လမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ခေတ္တ)ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်စိုးပိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်(ဝဲပုံ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများက လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါလမ်းသစ်သည် အကျယ်၁၂ပေ၊ အရှည်၁၄၁၅ပေရှိပြီး ကုန်ကျမှုတန်ဖိုးမှာ ငွေကျပ်၁၅၁၈၀၀၀၀ ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဦးဘဝေလမ်းနေ ဦးသောင်းမြင့်-ဒေါ်ခင်စောမူတို့၏သား မောင်ကောင်းချစ်ညီနှင့် မလွဲဝေကြည်တို့၏ မင်္ဂလာဦးအလှူငွေကျပ်တစ်သိန်းကို မတ် ၁၅ရက်က ကျောက်တန်းဘိုးဘွားရိပ်သာငွေပဒေသာပင်သို့ ထည့်ဝင်လှူဒါန်းရာ ကျောက်တန်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေ လက်ခံယူစဉ်။ (၁၁၅)

ကလေးဝမြို့၌ အထူးကုဆရာဝန်များအဖွဲ့ ကျေးရွာများသို့ အခမဲ့ ကွင်းဆင်းကုသ

ကလေးဝ မတ် ၂၃

ကလေးဝမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ဆွေ ဦးစီး၍ အဖွဲ့ဝင် ၆၀ပါသော အထူးကုဆရာဝန်များအဖွဲ့သည် မတ် ၅ရက်က ကလေးဝမြို့နယ်အတွင်းရှိကျေးရွာများသို့ သွားရောက်ဆေးကုသကြသည်။

ကျေးရွာများသို့ ဆေးကုသသွားကြရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ကလေးဝမြို့နယ် ဆရာဝန် ဒေါက်တာနေလင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များကို ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် ဂဇက်ကျေးရွာ အမကကျောင်း၌ ကျန်းမာရေးဟောပြောပွဲပြုလုပ်ပြီး ကျေးရွာမှ လာရောက်ဆေးကုသကြသော လူနာ ၁၀၂ ဦးအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ မတ် ၁၄ရက်က ပန်းတိမ်တောင်ရပ်ကွက်၌ မီးဘေးကာကွယ်မှုအဆင့်ဆင့်နှင့်မီးသတ်ဆေးဘူးလက်တွေ့သရုပ်ပြ ငြိမ်းသတ်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦး ခေါင်းဆောင်သော သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။ (၀၂၀)

ကွင်းဆင်းဆောင်ရွက်

ကော့သောင်းမြို့ နန္ဒဝန်ဈေး ပုံကျဈေးဆိုင်ခန်းများ သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ဒုတိယဦးစီးမှူး(သန့်)ဦးတင်အောင်လတ် ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

(၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❖ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

စာ - ၇

❖ အမျိုးသားရေးလုပ်ငန်းစဉ်တိုင်းမှာ ထာဝရ အရေးပါနေမည့် တပ်မတော်

ကျော်ရဲမင်း၏ ဆောင်းပါး စာ - ၈၊ ၉

❖ ပြည်သူ့အတွက် တပ်မတော်

ဇော်မင်းမင်းဦး၏ ကဗျာ စာ - ၉

❖ သမိုင်းမော်ကွန်းတင်ခဲ့ပြီ

မောင်ထည်ဝါ(ပျော်ဘွယ်)၏ ကဗျာ စာ - ၉

(၆၅)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား နေပြည်တော်မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကျင်းပပုံကို နေပြည်တော် မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့မှ မတ် ၂၇ ရက် နံနက် ၆နာရီမှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော်စစ်ရေးပြကွင်းကြီးမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် မတ် ၂၅

မတ် ၂၅ရက် နံနက် ၁၁ နာရီ ၃၉ မိနစ် ၂၁ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်မြောက်ဘက် မိုင် ၃၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လဟယ်မြို့ အရှေ့-အရှေ့မြောက် ၅၅ မိုင်ခန့်ကွာဝေးသော ဂျာငွန်းကျေးရွာအနီး) တစ်နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)